# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## စောင့်ရှောက်ထားအပ်သောစိတ်

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၁၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၂၆)




ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

## တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်သင်ကြားလျက်ရှိ

ရန်ကုန် မေ ၁၈

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှစတင်၍ ပုံမှန်ပညာသင်နှစ်ဝက်ကာလအတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့တွင်လည်း ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်သင်ကြားလျက်ရှိကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❍

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




## မိုင်းပြင်းမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် မေ ၁၈

မေ ၁၈ ရက် မြန်မာစံတော်ချိန် ၁၆ နာရီ ၅၉ မိနစ် ၃၂ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အနောက်-အနောက်မြောက်ဘက် ၆၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုင်းပြင်းမြို့၏ အနောက်မြောက်ဘက် ၂၆ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် (၂၁ ဒသမ ၅၅) ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် (၉၈ ဒသမ ၆၇) ဒီဂရီအနက် လေးကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး (၄ ဒသမ ၄) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ရှားခဲ့ကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

## မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၁၈

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ မေ ၁၉ ရက်မှ ၂၃ ရက်အတွင်း ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

ယင်းကာလအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ *စာမျက်နှာ ၄ ကော်လံ ၁* ❄


**ယနေ့ ဖတ်စရာ**

ပန်းတိုင်းပွင့်၍ ပွင့်ဆဲပန်းတိုင်း လန်းကြပါစေ — ဆောင်းပါး — စာ - ၁၀

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု(PPP) ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်ကြပါစို့ — ဆောင်းပါး — စာ - ၁၆

မြန်မာ့အလင်း

# အတတ်ပညာ၊ နာသုံးနာနှင့် အရေးပါဆုံးသော ဗိသုကာများ

၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများ လာမည့် ဇွန်လ ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ နိုင်ငံ၏ အနာဂတ်အတွက် မျိုးဆက်သစ်လူငယ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ရာတွင် အခြေခံပညာရေးမှာ လွန်စွာအရေးကြီးသည်။ မြင့်မားသည့် အဆောက်အအုံများ တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်ကို အထူးကောင်းမွန်စွာ တည်ဆောက်ကြရသကဲ့သို့ပင် အခြေခံပညာကို အရည်အသွေးပြည့်ပြည့်ဝဝနှင့် ကျေညက်စွာ သင်ယူနိုင်ခွင့်ရရှိရန် လိုအပ်သည်။

ကျောင်းဆရာဖြစ်ခဲ့ဖူးသူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က "မည်သို့ပင်ဖြစ်စေ မူလတန်းကျောင်းသားအရွယ်သည် စာရိတ္တပြုပြင်ရန် အလွယ်ဆုံးသော အရွယ်ဖြစ်ကြောင်း သေချာသည်။ ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံတွင် ဘဝသစ်ထူထောင်ရေးအတွက် စာရိတ္တမဏ္ဍိုင်တည်ဆောက်ရာတွင် မိဘနှင့် မူလတန်းကျောင်းဆရာ၊ ဆရာမများသည် အရေးပါဆုံးသော ဗိသုကာကြီးများ ဖြစ်ကြသည်မှာ ထင်ရှားလှ၏။"ဟုဆိုကာ အခြေခံပညာမူလတန်း၏ အရေးကြီးပုံကို ဆောင်းပါးတစ်ပုဒ်တွင် ရေးသားခဲ့ဖူးသည်။ ယင်းဆောင်းပါးတွင်ပင် "အမှန်စင်စစ်မှာ စာရိတ္တမဏ္ဍိုင်သာမက အခြားမဏ္ဍိုင်လေးရပ် တည်ဆောက်ရေးအတွက်လည်း စာသင်ကျောင်းများသည် အရေးအပါဆုံးသော ဌာနကြီးများ ဖြစ်ကြလေသည်။" ဟူ၍ ရေးသားခဲ့ရာ အခြေခံပညာရေးသည် ကျောင်းသူ ကျောင်းသားတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂတည်းဟူသော ဗလငါးတန် မဏ္ဍိုင်ငါးရပ်တို့ကို အခြေတကျ စတင်ပြုစုပျိုးထောင်ရာ ဌာနကြီးများအဖြစ် ထင်ရှားစေခဲ့ခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ နောင်တစ်ခေတ်တွင် ခေါင်းဆောင်ဖြစ်လာမည့်၊ နိုင်ငံတော်ကို တည်ဆောက်ကြမည့် မျိုးဆက်သစ်ကလေးများကို ပြုစုပျိုးထောင်ပေးကြရသည့် အခြေခံပညာ ဆရာ ဆရာမတို့မှာ အရေးပါဆုံးသော ပုဂ္ဂိုလ်များပင်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်နှစ်တာကာလအတွင်း မိမိတို့နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးအပြောင်းအလဲကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော မတည်မငြိမ်မှုများ၊ အကြမ်းဖက်မှုများဟူသော အကြောင်းတရားတို့ကြောင့် ကျောင်းသူ ကျောင်းသားတို့၏ ပညာသင်ကြားမှုများ ထိခိုက်နစ်နာခဲ့ကြရသည်။ CDM ပြုလုပ်ကာ စာသင်ခန်းကို စွန့်ခွာထွက်သွားကြသည့် ဆရာ ဆရာမများ ရှိခဲ့သလို လုပ်ဖော်ကိုင်ဖက်များ၏ စည်းရုံးမှု၊ နိုင်ငံရေးအစွန်းရောက်များနှင့် အကြမ်းဖက်အုပ်စုများ၏ ဖိအားပေးအကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှု အမျိုးမျိုးတို့ကြောင့် စာသင်ခန်းနှင့်တကွ တပည့်များကို ကျောခိုင်းခဲ့ရသည့် ဆရာ ဆရာမများလည်း ရှိခဲ့သည်။ အချို့မိမိ၏ဆန္ဒအလျောက် CDM ပြုလုပ်ခဲ့ကြစေကာမူ အခြေအနေမှန်ကို သိမြင်နားလည်လာသည်နှင့်အမျှ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်လိုသူ ဆရာ ဆရာမများလည်း ရှိနေကြသည်။

ယခုအခါ တာဝန်မှ ကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်လျက်ရှိသည်။ စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့ကြသော၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသော ဆရာ ဆရာမများကို ကြီးလေးသော ရာဇဝတ်မှု ကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ပေးအပ်သော အခွင့်အလမ်းကို ဆုပ်ကိုင်လျက် အနာဂတ်မျိုးဆက်သစ်များကို မိမိတို့၏ အတတ်ပညာ၊ နာသုံးနာနှင့် ပြုစုပျိုးထောင်ပေးနိုင်ကြပါစေကြောင်း။ ။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး



**ရန်ကုန် မေ ၁၈**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး ကျောင်းအပ်နှံရေး သီတင်းပတ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(ယာပုံ)**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာ နိုင်ငံတစ်နိုင်ငံ၏ အောင်မြင်မှုသည် နိုင်ငံသားများ၏ ပညာတတ်မြောက်မှု၊ အသိပညာ၊ ဗဟုသုတ၊ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများအပေါ်တွင် မူတည်ပြီး ထိုနိုင်ငံများ၏ လူမှုရေး၊ စီးပွားရေး ကြွယ်ဝဖွံ့ဖြိုးတိုးတက်ခြင်းသည် ပညာရေးမြှင့်တင်မှုနှင့် သက်ဆိုင်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများက ခေတ်အဆက်ဆက် ပညာရေး ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ပြီး ကျောင်းသားများနှင့် နိုင်ငံသားအားလုံးအတွက် အရည်အသွေးရှိသော ပညာရေးကို သင်ယူခွင့်ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက ကျောင်းအပ်နှံရေး သီတင်းပတ်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ စည်ပင်သာယာရေး ဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ငွေး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေးအောင်၊ ခရိုင်ပညာရေးမှူးများက ကျောင်းအပ်နှံရေး သီတင်းပတ်ဆိုင်ရာကိစ္စရပ်များ၊ ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေးမှ တာဝန်ရှိသူများက ကျောင်းကား စီစဉ်ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ရဲမှူးချုပ် မျိုးမင်းထိုက်က ကျောင်းများတွင် လုံခြုံရေးတာဝန် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ကျောင်းများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ပေးမည့် အစီအမံများနှင့် တက်ရောက်လာကြသူများက လိုအပ်သည်များ ဆွေးနွေးတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်ဆိုင်ရာ လုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းကုန်းမြို့နယ် ဂုန်မင်းကျေးရွာတောင်သူများနှင့်တွေ့ဆုံ

**ကျောင်းကုန်း မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဂုန်မင်းကျေးရွာအုပ်စုမှ တောင်သူများနှင့် တွေ့ဆုံပွဲကို ဂုန်မင်းကျေးရွာ သာသနာ့ဇောတိက ကျောင်းတိုက်ဓမ္မာရုံ၌ ယနေ့ မွန်းလွဲပိုင်းက ပြုလုပ်သည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုန်မင်းကျေးရွာ သာသနာ့ဇောတိကကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံ သင်္ကန်းနှင့် နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်းပြီး ဓမ္မာရုံအတွင်း၌ တောင်သူများနှင့် တွေ့ဆုံကာ တစ်မိုးတစ်သီး စိုက်ပျိုးနေရာကနေ စပါး၊ ပဲ၊ စပါး သုံးသီး စိုက်ပျိုးသင့်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် မိုးစပါးဧက ၃၇ သိန်းနှင့် နွေစပါးဧက ၁၄ သိန်း စိုက်ပျိုးထားကြောင်း၊ စက်သုံးဆီစရိတ်သုံးစွဲမှု သက်သာစေရန် ဆိုလာစနစ် တပ်ဆင်ကြရန် လိုကြောင်း၊ စားသုံးဆီ ဖူလုံရေးအတွက် နေကြာစိုက်ပျိုးကြရန်လိုကြောင်း၊ ဓာတ်မြေဩဇာအစား EM ဘိုကာရှိ သဘာဝမြေဩဇာကို သုံးစွဲကြရန်လိုကြောင်း၊ ပိုက်ဆံလျှော်ကြဲပက်၍ စိုက်ပျိုးသင့်ကြောင်း၊ မြေဆီလွှာအားကောင်းမှ မြေဆီလွှာဂုဏ်သတ္တိ တိုးလာမည်ဖြစ်ပြီး စပါးပဲ စသည့်သီးနှံများ အထွက်နှုန်း တိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ဂုန်မင်းကျေးရွာမှ တောင်သူ ဦးဟန်မြင့်၊ လှည်းဆိပ်ကျေးရွာမှ တောင်သူ ဦးငွေးပိုင်တို့က ဒေသအခက်အခဲများကို တင်ပြကြရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားပေးသည်။ ကျောင်းကုန်း မြို့နယ်အနေဖြင့် ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၅ အုပ်စု၊ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း ၇၀ ရှိသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂုန်မင်း အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းသုံး ဗလာစာအုပ်များ၊ ခဲတံများနှင့် ကျန်းမာရေးသုံးပစ္စည်း နှာခေါင်းစည်းတို့ကို ကျောင်းအုပ်ဆရာကြီး ဦးကျော်စိုးထံ ပေးအပ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ ခွဲစိတ်ကုသမှုလုပ်ငန်းများ မေ ၂၄ ရက်တွင် ပြန်လည်ဆောင်ရွက်မည်

**သီပေါ မေ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရေးကာလများအတွင်း မျက်စိခွဲစိတ်ကုသမှုရပ်ဆိုင်းထားသည့် ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်း သီတဂူစက္ခုဒါန ဆေးရုံကြီး၌ (၄၈) ကြိမ်မြောက် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်မှု လုပ်ငန်းများကို ကိုဗစ်- ၁၉ ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သီတဂူစက္ခုဒါနဆေးရုံတာဝန်ခံ ဆရာတော် အရှင်ပညာသီရိက မိန့်ကြားတော်မူသည်။

အဆိုပါ မျက်စိစမ်းသပ်ခွဲစိတ်မှုလုပ်ငန်းများကို မေ ၂၄ ရက်တွင် မျက်စိရောဂါ စတင်စစ်ဆေးပြီး မေ ၂၅၊ ၂၆ နှင့် ၂၇ ရက်တို့၌ ခွဲစိတ်ကုသပေးမည်ဖြစ်သဖြင့် ခွဲစိတ်ခန်းနှင့် ဆက်စပ်အဆောင်များကို သီတဂူဆေးရုံဝန်ထမ်းများ၊ ပရဟိတများ၊ ဘုရားကြီးရေကြည်တော် ဝတ်အသင်းသား အသင်းသူများက သန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည်။

မျက်စိဝေဒနာရှင်များအနေဖြင့် မေ ၂၄ ရက်တွင် သီတဂူစက္ခုဒါနဆေးရုံကြီးသို့ အရောက်လာကြရန်နှင့် စာရင်းများ ကြိုတင်ပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း ၂၀၂၆-၂၀၂၇ ခုနှစ်တွင် စတင်ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၏ အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။





### အချိန်မီဖြည့်ဆည်း

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းရှင်းလင်းဆောင်ရွက်ရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား ရရှိမှုသည် အဓိကကျသည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ သဘာဝအရင်းအမြစ်များ ရရှိမှုအပေါ် အခြေခံ၍ စီးပွားရေးအရ တွက်ခြေကိုက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရေအားလျှပ်စစ်မှ လျှပ်စစ် ဓာတ်အားထုတ်ယူနိုင်မည့် စီမံကိန်းအသစ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၏ နှစ်စဉ်တိုးတက် သုံးစွဲလာသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝ ဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးဆောင်ရွက်သွားကြရန် နှင့် စီမံကိန်းပြီးမြောက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို မောင်းနှင်ပေးရန်အတွက် ဝန်ထမ်းများ အိမ်ရာ ဆောက်လုပ်ရာတွင်လည်း စက်ရုံနှင့် အနီးစပ်ဆုံး နေရာများတွင် ဆောက်လုပ်ပြီး ရာသီသီးနှံများ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း မှာကြားသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းဧရိယာအတွင်း စက်ယန္တရားကြီးများဖြင့် ပင်မတမံမြေကြီးကျောက်သားတူးဖော်လုပ်ငန်း ဆောင်ရွက်နေမှု၊ ရေလွှဲစနစ်လုပ်ငန်း ဆောင်ရွက်နေမှု၊ ဓာတ်အားပေး စက်ရုံ တည်ဆောက်ရန် မြေကြီး/ကျောက်သား တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တံတား တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ (ဓါတ်ပုံ)

### စီမံဆောင်ရွက်လျက်ရှိ

အလယ် ပေါင်းလောင်း ရေအား လျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား ၇၆ မဂ္ဂါဝပ်ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၁၅၂ မဂ္ဂါဝပ်ရှိဓာတ်အားပေးစက်ရုံ တပ်ဆင်တည်ဆောက်ကာ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၅၃၀ ဒသမ ၄ သန်း ထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်နှင့်ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး ရည်ရွယ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် စတင်ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

### လိုအပ်သည်များမှာကြား

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံသို့ ရောက်ရှိပြီး ရေထိန်းတမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေယူအဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၌ ပထမနှစ် ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆို

ရန်ကုန် မေ ၁၈

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းများကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းများသို့ တက်ရောက်လာကြသည့် သစ်လွင်ကျောင်းသား ကျောင်းသူများ ကြိုဆိုပွဲအခမ်းအနားကို ဆေးတက္ကသိုလ် (၁) ရန်ကုန် ဇီဝကခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲတွင် (Semi Virtual) စနစ်ဖြင့် ကျင်းပသည်။**



အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ထွန်း၊ ဆေးတက္ကသိုလ်(၁) ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာဖေသက်ခင်၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ၊ သွားနှင့် ခံတွင်းဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တက္ကသိုလ်အသီးသီးသို့ ဝင်ရောက်လာကြသည့် သစ်လွင်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### လေ့ကျင့်မွေးထုတ်ပေးရန် ရည်ရွယ်

ပြည်ထောင်စုဝန်ကြီးမှ သစ်လွင်ကျောင်းသားကျောင်းသူများကို ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးပညာရပ်ဆိုင်ရာကျင့်ဝတ် သိက္ခာများကို တန်ဖိုးထား၍ ပြည်သူလူထုအား အရည်အသွေးကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုကို မဆုတ်မနစ် အပြည့်အဝဆောင်ရွက်မည့် ကျန်းမာရေးလူ့စွမ်းအားစုများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ပြည်တွင်း၌ လေ့ကျင့်မွေးထုတ်ပေးရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဋ္ဌာန်၊ အနုကမ္ပာ၊ ဒယာဆိုသည့်အတိုင်း ဆရာဝန်တစ်ဦးဖြစ်သော ကျွန်ုပ်သည် ဝေဒနာရှင်လူနာအား **ဥပဋ္ဌာန်**-စိတ်ရောကိုယ်ပါ ယုယုယယပြုစုကုသ၍ **အနုကမ္ပာ**-ကိုယ်ချင်းစာတရား လက်ကိုင်ထားလျက်၊ **ဒယာ**-လူလူချင်း ညှာတာထောက်ထားသော အသိဖြင့် ပြုစုကုသပါမည်ဟု အဓိဋ္ဌာယ်ဖွင့်ဆိုထားသည်နှင့်အညီ ဆရာဝန်တစ်ဦး ဖြစ်လာသည့်အခါတွင် လိုက်နာကျင့်ကြံအားထုတ်ပါက ဘဝတစ်လျှောက်လုံးတွင် ကောင်းကျိုးမင်္ဂလာများနှင့် ပြည့်ဝနေမည်ဖြစ်ပါကြောင်း။

ယခုပညာသင်နှစ်တွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူ ကျောင်းသားကျောင်းသူ ၂၉၂၄ ဦးနှင့် တိုင်းရင်းဆေးတက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိသူ ကျောင်းသား ကျောင်းသူ ၁၇၅ ဦး စုစုပေါင်း ၃၀၉၉ ဦးရှိပါကြောင်း။

### အလေးထားမှာကြားလို

ပညာသင်ယူရာတွင် ဆေးနှင့် ဆေးပညာနှီးနွှယ်ပညာရှင်တစ်ယောက် စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာ (Professional Ethics) များကို သိရှိလိုက်နာစောင့်ထိန်းပြီး ဆေးပညာရပ်အပေါ် ထားရှိရမည့် စိတ်နေသဘောထား (Attitude towards Profes-sion)များကို မှန်ကန်စွာထားရှိရန် လိုအပ်ပါကြောင်း၊ ဝတ်စားဆင်ယင်မှုပြုရာတွင်လည်း တက္ကသိုလ်၏ ပုံရိပ်၊ မိမိ၏ဂုဏ်သိက္ခာနှင့် လျော်ညီသော ဝတ်စားဆင်ယင်ပြုမူမှုမျိုးဖြစ်ရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ပြည်သူ့နီတိတွင် ပါဝင်သော ပြည်သူ့တာဝန်သိတတ်မှု၊ ပေါင်းသင်းဆက်ဆံမှုနှင့် လူ့အဖွဲ့အစည်းတွင် လိုက်နာကျင့်ကြံရမည့် အချက်များ၊ မိဘဆရာများ၏ ဆိုဆုံးမစကားများ၊ ကိုယ်တိုင်လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများ၊ နိုင်ငံသားတစ်ဦးအနေဖြင့် လိုက်နာရမည့် အချက်များကို လိုက်နာကျင့်ကြံ ဆောင်ရွက်နိုင်လျှင် မိမိဘဝအတွက် တိုးတက်အောင်မြင်မှုများကို ရရှိနိုင်မည်ဖြစ်ကြောင်းကို အလေးထားမှာကြားလိုပါကြောင်း၊ သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးက ပညာရပ်ဆိုင်ရာဘွဲ့များ ရရှိပြီးသည့်အခါတွင်လည်း နိုင်ငံသူ နိုင်ငံသားများအား ဆင်းရဲချမ်းသာမရွေး ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သည့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြစေ လိုပါကြောင်း။

### ပညာရပ်များကို ဆည်းပူးလေ့လာ

နိုင်ငံတော်နှင့် ပြည်သူအပေါ် ကျေးဇူးသိတတ်ပြီး ပြန်လည်ကျေးဇူးဆပ်သူများ၊ အဆင့်ဆင့်တိုးတက်သော ပညာရပ်များကို ဆည်းပူးလေ့လာနိုင်ပြီး ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော ပညာရှင်ကောင်းများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ထွန်းက သစ်လွင်ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက သစ်လွင်ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး (ရန်ကုန်) တွင် အုပ်စုငယ်များအလိုက် ဆေးလက်တွေ့ပညာရပ်သင်ကြားနေကြသော ဆေးတက္ကသိုလ် ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

### အမြန်ဆုံးဆက်သွယ်

ယခုပညာသင်နှစ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူအားလုံး၏ (၇၀ ရာခိုင်နှုန်း) စာရင်းသွင်းတက်ရောက်လျက်ရှိကြပြီး ကျန်ရှိသူများကိုလည်း သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ အမြန်ဆုံး ဆက်သွယ်ကြရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်ဆွေးနွေး

**နေပြည်တော် မေ ၁၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ မေ ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် အာဆီယံစီးပွားရေး ဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ (ယာပုံ)




အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pan Sorasak က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံ၏ ကိုဗစ်-၁၉ အလွန် စီးပွားရေး ပြန်လည်ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာများတွင် အာဆီယံ၏ စီးပွားရေးထိခိုက်မှု နည်းပါးအောင်ဆောင်ရွက်ရေးနှင့် စီးပွားရေး ပေါင်းစည်းမှုတွင် အာဆီယံ၏ အချက်အချာကျမှုကို ပိုမိုမြှင့်တင်ရေးတို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ထို့ပြင် အာဆီယံစီးပွားရေးဝန်ကြီးများက အင်ဒို-ပစိဖိတ်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အမေရိကန်နိုင်ငံ၏ အင်ဒို-ပစိဖိတ် စီးပွားရေးမဟာဗျူဟာနှင့် ဥရောပသမဂ္ဂ၏ အင်ဒို-ပစိဖိတ်ဆိုင်ရာ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး၊ ဒေသပြင်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် အာဆီယံ၏ အချက်အချာကျမှုနှင့် ကြားနေမှုကို ထိန်းသိမ်းရန်နှင့် အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ ဗဟိုပြုချဉ်းကပ်မှု၊ အာဆီယံ၏ အမြင်ဖြင့် အာဆီယံက ဦးဆောင် ဆောင်ရွက်ရန်တို့ကို ဆွေးနွေးသဘောတူညီခဲ့သည်။

ယင်းနောက် ဝန်ကြီးများက ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Regional Comprehensive Economic Partner-ship-RCEP) သည် ကပ်ရောဂါအလွန် စီးပွားရေး ပြန်လည်ထူထောင်ရာတွင် အထောက်အကူပြုသည့်အတွက် အဆိုပါ သဘောတူညီချက် အသက်ဝင်ရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။ ထို့ပြင် ၂၀၂၂ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ကျင်းပမည့် (၁၂) ကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝန်ကြီးများ ညီလာခံအတွက် ပြင်ဆင်မှုများနှင့် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု အစီအမံများနှင့် စပ်လျဉ်းသည့် ကုန်သွယ်မှုအပေါ် သက်ရောက်မှုများကို သတင်းအချက်အလက်များ ဖလှယ်ခဲ့သည်။

ဆက်လက်၍ ဝန်ကြီးများသည် အာဆီယံ စီမံကိန်းများ၏ အခြေခံကနဦး လုပ်ငန်းများနှင့် အာဆီယံ စီးပွားရေးပေါင်းစည်းမှု အစီအစဉ်များကိုလည်း ဆက်လက်၍ အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

**ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ အလွန် အာဆီယံစီးပွားရေး ပြန်လည်ဦးမော့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ကြိုတင်မျှော်မှန်းမထားသည့် ရုရှား-ယူကရိန်း စစ်ပွဲအပါအဝင် ကမ္ဘာ့နိုင်ငံကြီးများ၏ စီးပွားရေးတုံ့နှေးလာမှုသည် အာဆီယံနိုင်ငံ အားလုံးအပေါ် စီးပွားရေးအရ သက်ရောက်မှုများ ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အခြားအာဆီယံနိုင်ငံများနည်းတူ စီးပွားရေးအပေါ် သက်ရောက်မှုများ တွေ့ကြုံနေရကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးအရ ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ အခြေအနေများအရ နိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်မှုများကိုလည်း ကိုင်တွယ်ဆောင်ရွက်နေရပါကြောင်း၊ အစိုးရအနေဖြင့် အခက်အခဲများကို ကျော်လွှားရေး ကြိုးပမ်းဆောင်ရွက်ကာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ၂၀၂၃ ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး တည်ငြိမ်တိုးတက်လာစေရေးအတွက် အာဆီယံနိုင်ငံများ၏ အထောက်အကူနှင့် နားလည်မှုသည် အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ အာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေကို နားလည်စာနာကာ ဝိုင်းဝန်းအထောက်အကူပြုစေလိုကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အာဆီယံ၏ စီးပွားရေးမဏ္ဍိုင်အောက်တွင် ဆောင်ရွက်ရန်ရှိသည့် ကိစ္စများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒေသတွင်း စီးပွားရေး ပေါင်းစည်းမှု အစီအစဉ်များတွင်လည်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ သဘာပတိ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pan Sorasak နှင့်တွေ့ဆုံ၍ အာဆီယံစီးပွားရေးမဏ္ဍိုင်အောက်တွင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ဆက်လက်အပြီးသတ် ညှိနှိုင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား အခွန်နှစ်ထပ် ကောက်ခံမှု ရှောင်ရှားရေး သဘောတူစာချုပ်နှင့်ပတ်သက်၍ ဆက်လက်ညှိနှိုင်းရန် ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးသည်။

**နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးသည် အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး H.E. Muhammad Lutfi နှင့်လည်းတွေ့ဆုံ၍ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်မှုတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီများ ပုံမှန်တင်သွင်းနိုင်ရေးအတွက် လတ်တလော အင်ဒိုနီးရှားနိုင်ငံမှ ပြည်ပတင်ပို့ခွင့် ပိတ်ပင်ထားမှုအပေါ် ဖြေလျှော့မှုများ ဆောင်ရွက်ပေးရေးနှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေး ပို့ကုန်များ အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Samsem Samalapa နှင့်လည်း တွေ့ဆုံ၍ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုကို တိုးမြှင့်ရန်ကိစ္စနှင့် နယ်စပ်ကုန်သွယ်ရေးတွင် ကျပ်ငွေနှင့် ထိုင်းဘတ်ငွေတို့ကို အသုံးပြု၍ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ ပိုမိုထိရောက်စေရေး ကိစ္စများကိုလည်းကောင်း၊ လာအိုနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Bountheung Douangsavanh နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၇ ရက် ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး H.E. Muhammad Lutfi က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အခြားအာဆီယံ စီးပွားရေးဝန်ကြီးများနှင့်အတူ ပါဝင်တက်ရောက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံအရာရှိတို့ ပါဝင်တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

---

○ *ရှေ့ဖုံးမှ*

အဆိုပါ တက္ကသိုလ်များတွင် တက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် တာဝန်ရှိသူများပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၄၇ ခုနှင့် ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ ပညာရေး ဒီဂရီကောလိပ် ၂၅ ခုတို့တွင် ပုံမှန်ပညာသင်နှစ်အတိုင်း ဖွင့်လှစ် သင်ကြားပို့ချက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

❊ *ရှေ့ဖုံးမှ*

တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် သုံးလက်မ (၇၇-မီလီမီတာ) နှင့်အထက် ရွာသွန်းနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

---

## ဘူးသီးတောင်မြို့နယ်၌ နွေစပါးအထွက်နှုန်း တိကျမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်း၊ တစ်ဧကလျှင် တင်း ၁၀၀ ကျော်ထွက်ရှိ

**ဘူးသီးတောင် မေ ၁၈**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည် ကျေးရွာအုပ်စု၌ နွေစပါးအထွက်နှုန်း တိကျမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းနေမှုကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျန်အေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။



အဆိုပါ လက်ဝဲဒက်ပြင်ရှည် ကျေးရွာအုပ်စု ကွင်းအမှတ် (၂၇၀ D) ရှိ အကျိုးဆောင်တောင်သူ ဦးမီရာမောက်နှင့် တောင်သူ သုံးဦး၏ လယ်မြေတွင် ရက် ၉၀ စပါးမျိုးဖြင့် တောင်သူပညာပေး နွေစပါးစံပြကွက် ငါးဧကတွင် ကိုယ်စားပြုစံကွက်များ ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှ အစိုအထွက်နှုန်း ၁၀၁ ဒသမ ၅၃ တင်းနှင့် အစိုခေတ် (၁၄ ရာခိုင်နှုန်း) အခြောက်အထွက် တင်း ၉၀ ဒသမ ၉၉ တင်းနှုန်း ထွက်ရှိကြောင်း တောင်သူ ဦးမီရာမောက်က ပြောသည်။

ဘူးသီးတောင်မြို့နယ်အတွင်း ၂၀၂၁- ၂၀၂၂ ခုနှစ် နွေစပါး လျာထားချက် ဧက ၈၀ ရှိပြီး အမှန်စိုက်ပျိုးနိုင်သည့် ဧကမှာ ၈၇ ဧကရှိကြောင်း တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ၈၆ ဒသမ ၈၅ တင်းနှုန်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးမောင်မောင်ညီ ထံမှ သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ ပို့ကုန်တိုးမြှင့်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မေ ၁၈**

နိုင်ငံတော်၏ အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ ပို့ကုန်တိုးမြှင့်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကများအပိုင်းက သက်ဆိုင်ရာ ကဏ္ဍများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ရန် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အောက်ရှိ ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲများကို မေ ၁၇ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ယုဇနညှော့ဂေဟာ၌ ကျင်းပသည်။ (ယာပုံ)



တွေ့ဆုံပွဲများသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အခြေခံလိုအပ်ချက်များ ဆွေးနွေး

ရေးဦးစွာ မြန်မာ့ပြောင်း လုပ်ငန်းရှင်များအသင်းမှ တာဝန် ရှိသူများနှင့် တွေ့ဆုံပြီး ပြောင်း ဈေးကွက်ယှဉ်ပြိုင်မှု အခြေအနေ၊ ပို့ကုန်အရည်အသွေး ပြည့်မီရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် စက်ကိရိယာများ အသုံးပြုနိုင်ရေး၊ ကန်ထရိုက်လယ်ယာစနစ် ကျယ်ပြန့်စွာ ဆောင်ရွက်ရေး၊ အရည်အသွေး မြင့်မားရေးအတွက် အခြေခံအဆောက်အအုံနှင့် သိုလှောင်ရုံလုပ်ငန်းများတွင် ကာလတို ကာလရှည် အရင်းအနှီးချေးငွေရရှိရေးအတွက် အခြေခံ လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များအသင်း၊ ဆီစက်ပိုင်ရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စားသုံးဆီဈေးကွက် အလားအလာနှင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာများ၊ နေကြာနှင့် မြေပဲမျိုးစေ့ထုတ်လုပ်ခြင်းကို တောင်သူနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ လက်ရှိဆီစက်များ စွမ်းအားပြည့် လည်ပတ်နိုင်ရေးနှင့် ခေတ်မီ အဆင့်မြင့်ဆီစက်များ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ စားသုံးဆီ ထုတ်လုပ်ရောင်းချရာတွင် စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းစေရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### အချိန်မီဖြည့်ဆည်း

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြည်တွင်း ဆန်စားသုံးမှုနှင့် ပြည်ပတင်ပို့မှုအခြေအနေ၊ ငွေကြေးနှုန်းထားများနှင့် ဈေးကွက်အခြေအနေ၊ လက်ရှိစပါးပေါက်ဈေးကြောင့် တောင်သူများ အကျိုးအမြတ် တိုးတက်လာမှုနှင့်အတူ ဓါတ်မြေဩဇာဝယ်လိုအား မြင့်တက်နေမှုကြောင့် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် တိုးတက်စိုက်ပျိုးလာမည့် စပါးစိုက်ဧရိယာများအတွက် လိုအပ်လျက်ရှိသည့် သွင်းအားစုများ အချိန်မီဖြည့်ဆည်းပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြည်ပမှ ဓါတ်မြေဩဇာနှင့် သွင်းအားစုများ တင်သွင်းရာတွင် သွင်းကုန်လိုင်စင်များ အချိန်မီရရှိရေး၊ တောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီရောက်ရှိ အသုံးပြုနိုင်ရေးနှင့် စိုက်ပျိုးရေး သွင်းအားစုများ အရည်အသွေးပြည့်မီရေး၊ အတုအပတားဆီး ကာကွယ်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

### ဆွေးနွေးမှာကြား

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကန်တော်ကြီး မြေပဒေသာကျွန်းရှိ စိုက်ပျိုးရေးပြတိုက်သို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးက ပြတိုက်နှင့် ပြခန်း၏ ကွဲပြားသည့် ရည်ရွယ်ချက်နှင့် အခင်းအကျင်းများအပေါ် အခြေခံ၍ လယ်ယာကဏ္ဍဆိုင်ရာ ဗဟုသုတများ မျှဝေနိုင်ရေးအတွက် လိုအပ်သော ပြုပြင်မွမ်းမံမှု ဆောင်ရွက်ရန် လိုအပ်ချက်များ၊ တန်ဖိုးကြီး အနုပညာလက်ရာများ စနစ်တကျ ထိန်းသိမ်းရန်နှင့် ပြည်သူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာရင်း အပန်းဖြေနိုင်သည့် သာယာလှပသော ဝန်းကျင်တစ်ခုအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် ကျွမ်းကျင်သူပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေး ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ပြခန်းပြကွက်များကို လည်းကောင်း၊ မြေပဒေသာဥယျာဉ်ရှိ စိုက်ပျိုးရေးပစ္စည်း အရောင်းဆိုင်များ၊ ပျိုးပင်များ ပန်းအလှပင် အရောင်းဆိုင်တို့ကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)နှင့် နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄)ရှိ စာရင်းမှတ်တမ်းအချက်အလက်များကို နည်းပညာ၊ စက်ကိရိယာများအသုံးပြု၍ ကွန်ပျူတာအတွင်း ထည့်သွင်းဆောင်ရွက်ခြင်းကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၈

**အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)နှင့် နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄) ရှိ စာရင်းမှတ်တမ်း အချက်အလက်များကို နည်းပညာ၊ စက်ကိရိယာများအသုံးပြု၍ ကွန်ပျူတာအတွင်း ထည့်သွင်းဆောင်ရွက်ခြင်းကို မိမိတို့ဌာနနှင့် ဆက်စပ်ဌာနများ၊ လုပ်အားပေးလူငယ်များ အင်အားဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်အား သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မေ ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ပြောကြားခဲ့သည်။** (ယာပုံ)





အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာ မျိုးသန့်၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနအနေဖြင့် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူ အားလုံး နိုင်ငံသားကတ် ကိုင်ဆောင်မဲပေးနိုင်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းမှန်ကန်ရေးအတွက် နည်းပညာဖြင့် အချက်အလက်များ ဖြည့်သွင်းဆောင်ရွက်နေမှု လုပ်ငန်းသည်လည်း အရေးကြီးပါကြောင်း၊ ယခုနည်းပညာဆိုင်ရာ ဆောင်ရွက်မှုများသည် မိမိတို့ဌာနမှ တာဝန်ယူဆောင်ရွက်မည့် e-ID စနစ်လုပ်ငန်းကိုလည်း များစွာ အထောက်အကူဖြစ်စေပြီး ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အချက်အလက်မှန်ကန်စေရန် ယခုကတည်းက စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ပြည်တွင်းသို့ အကြောင်း အမျိုးမျိုးကြောင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား စနစ်တကျ ကြီးကြပ်ထိန်းသိမ်းရေး၊ ပြည်တွင်းနေ နိုင်ငံခြားသားများအား သတ်မှတ်အခွန်ဆောင်မှု ရှိစေရေးတို့အတွက် နည်းပညာများ အသုံးပြုဆောင်ရွက်လျက်ရှိရာ နယ်မြေဒေသအလိုက် နိုင်ငံခြားသားများနှင့် ပတ်သက်သည့် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်း၍ သတ်မှတ်ချိန်အတွင်း ပြုစုပေးပို့ကြရန်လိုကြောင်း။

### ယဉ်ကျေးပျူငှာစွာဆက်ဆံ

မိမိတို့ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများသည် ပြည်သူကို ဝန်ဆောင်မှု ပေးရသည့် လုပ်ငန်းများ ဖြစ်သည့်အတွက် လုပ်ငန်း ဆောင်ရွက်မှုတိုင်း၌ ယဉ်ကျေးပျူငှာစွာ ဆက်ဆံဆောင်ရွက်ကြရန်နှင့် ပြည်သူများလိုက်ပါ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ရှင်းလင်းချပြ အသိပေး ဆောင်ရွက်ကြရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်း အခြေအနေများကို ကိုယ်တိုင်သိရှိ နားလည်သဘောပေါက်ပြီး လက်အောက်သို့ ကြီးကြပ်ကွပ်ကဲ၍ အချင်းချင်း အပြန်အလှန်ဆက်စပ် ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ဒေသအာဏာပိုင်များ၏ ပံ့ပိုးကူညီမှုရရှိစေရန် လိုအပ်ချက်များကို အချိန်မီ တင်ပြကြရန်လည်းလိုကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများက ပန်းခင်းစီမံချက်ကို သတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီ ပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်၊ မဲစာရင်း မှန်ကန်ရေးအတွက် ဆက်စပ်ဌာန အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်နေမှု၊ နိုင်ငံသားကတ် စစ်ဆေးဆောင်ရွက်နေမှု၊ နိုင်ငံခြားသားများ စနစ်တကျ နေထိုင်သွားလာနိုင်ရေးအတွက် စစ်ဆေးကြပ်မတ် ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရည်မှန်းချက် တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ် များက လုပ်ငန်းကဏ္ဍအလိုက် လိုအပ်သည်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်တို့က တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လုပ်ငန်း တစ်ခုချင်းအပေါ် အားနည်းချက်၊ အားသာချက်များ၊ စာရွက်စာတမ်းများနှင့် အချက်အလက်များ လုံခြုံရေးအတွက် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရေး အခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူဖွယ်ရာ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁) (က-ကုတ်)

နေသူရိန်




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ "စာပေဗိမာန်" နှင့် "ထွန်းဖောင်ဒေးရှင်း" တို့ ပူးပေါင်း၍ မကြာမီ ထုတ်ဝေတော့မည့် "မြန်မာ့စွယ်စုံကျမ်း" အတွဲ(၁) (က-ကုတ်) စာအုပ်




၁၉၅၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ထုတ်ဝေခဲ့သည့် မြန်မာ့စွယ်စုံကျမ်း (၁၅) တွဲ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ "စာပေဗိမာန်" နှင့် "ထွန်းဖောင်ဒေးရှင်း" တို့ ပူးပေါင်း၍ **"မြန်မာ့စွယ်စုံကျမ်း" အတွဲ (၁) (က-ကုတ်)** စာအုပ်ကို လွန်ခဲ့သော လေးနှစ်ကျော်ကတည်းက ပုံနှိပ်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။ အဆိုပါကျမ်းကြီးကို ၂၀၂၀ ခုနှစ်တွင် ဖြန့်ချိရန် ရည်ရွယ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လက်စမသတ်နိုင်ခဲ့ဘဲရှိခဲ့ရာမှ ယခုအခါတွင် လိုအပ်သည်များကို အသေးစိတ် ဖတ်ရှုပြင်ဆင်ပြီးဖြစ်၍ မကြာမီ ဖြန့်ချိတော့မည် ဖြစ်ပါသည်။

ပထမဆုံးထုတ်ဝေခဲ့သည့် မြန်မာ့စွယ်စုံကျမ်းကို မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) က ၁၉၄၉ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဆီလျော်အောင် စတင်ပြုစုခဲ့ပါသည်။ ကမ္ဘာ့ဗဟုသုတများဖြစ်သော ဝိဇ္ဇာ၊ သိပ္ပံ အကြောင်းရပ်များအပြင် မြန်မာနိုင်ငံမှ အကြောင်းရပ်များကိုပါ ပြည့်စုံစွာ ပြုစုထားပါသည်။ အကြောင်းရပ်တိုင်းကို ရည်ညွှန်းစာအုပ်အမျိုးမျိုးနှင့် တိုက်ဆိုင်ပြီး ပညာရပ်အလိုက် ပညာရှင်များနှင့် သက်ဆိုင်ရာ ဌာနများသို့ ဆက်သွယ်ကာ တိကျမှန်ကန်အောင် စိစစ်ခဲ့ပါသည်။ သက်ဆိုင်ရာပညာရှင်များကိုယ်တိုင် ရှာဖွေစုဆောင်း ရေးသားထားသော အကြောင်းရပ်များလည်း ပါဝင်ပါသည်။

### မြန်မာနိုင်ငံ၏ ပထမဆုံးသောစွယ်စုံကျမ်း

နိုင်ငံတစ်နိုင်ငံ၏ စာပေဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို လေ့လာလိုပါက အဆိုပါ နိုင်ငံကထုတ်ဝေသော **"စွယ်စုံကျမ်း"** ကို လေ့လာဖတ်ရှုကြည့်ခြင်းဖြင့် အလွယ်တကူ သိရှိနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော စွယ်စုံကျမ်းကို ၁၉၅၄ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပါသည်။ "မြန်မာ့စွယ်စုံကျမ်း" အတွဲ (၁) မှ (၅) အထိကို အင်္ဂလန်နိုင်ငံ (Hazell Watson and Viney Ltd) တွင် ပုံနှိပ်ထုတ်ဝေခဲ့ပြီး အတွဲ (၆) မှ အတွဲ (၁၅) အထိကို ပြည်တွင်းမှာပင် စာပေဗိမာန်က တာဝန်ယူ၍ ပြည်လမ်း ဟံသာဝတီအပိုင်းရှိ စာပေဗိမာန်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ပြီးပြည့်စုံသော စွယ်စုံကျမ်း အတွဲ (၁၅) တွဲအထိ ထွက်ပေါ်လာရန်အတွက် မြန်မာ့စာပေပညာရှင်ကြီးများက အတွဲ (၁)မှ စတင်ကာ ၂၂ နှစ်ကြာ အချိန်ယူဆောင်ရွက်ခဲ့ရပါသည်။ မြန်မာ့စွယ်စုံကျမ်းများကို ၁၉၅၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း အတွဲ (၁၅) တွဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

မြန်မာ့သမိုင်း၏ ခေတ်များကို ပု၊ ပင်း၊ အင်း၊ တောင်၊ ညောင်ရမ်းနောင်၊ ကုန်းဘောင်နှစ်ခေတ်ခွဲဟု အဆိုရှိသည့်အတိုင်း ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင် ပထမခေတ်၊ ကုန်းဘောင် ဒုတိယခေတ်ဟူသည့် ခေတ်တစ်ခေတ်စီတိုင်းတွင် မြန်မာစာပေအဆင့်ဆင့် ထွန်းကားလာသောခေတ်များပင် ဖြစ်သည်။

ကုန်းဘောင်ခေတ်၌ ဗဒုံမင်းဟု ထင်ရှားသည့် ဘိုးတော်ဘုရား၏ သားတော်တစ်ပါးဖြစ်သူ မက္ခရာမင်းသားကြီးသည် 'မြန်မာ့စွယ်စုံကျမ်း' ပေါ်ထွက်လာရန် ကြိုးပမ်းခဲ့သည့် သမိုင်းအထောက်အထားများရှိခဲ့ပေသည်။ မက္ခရာမင်းသားကြီးသည် အင်္ဂလိပ်စာကို လေ့လာသင်ယူကာ Mr.Lane ဆိုသူထံမှ ရရှိသည့် Ree's စွယ်စုံကျမ်းကို အထူးသဘောကျ နှစ်သက်တော်မူခဲ့ပါသည်။ ထို့ကြောင့်ပင် မက္ခရာမင်းသားကြီးကိုယ်တော်တိုင် အမှာစာရေးပြီး ၁၈၄၁ ခုနှစ်က ထွက်ရှိခဲ့သော အင်္ဂလိပ်-မြန်မာအဘိဓာန်ကြီးမှာ သမိုင်းသက်သေတစ်ခုပင်ဖြစ်ပါသည်။ 'Charles Lane Dictionary' ဟု ဆိုသည်ထက် 'မက္ခရာမင်းသားကြီး၏ အဘိဓာန်' ဟုဆိုလျှင် ပို၍ လူသိများပါသည်။

မြန်မာ့စွယ်စုံကျမ်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက "လွတ်လပ်ရေးရ၍ ကျွန်တော်တို့၏ လက်တွင်းသို့ အချုပ်အခြာအာဏာ ရောက်လာသည်နှင့် တစ်ပြိုင်နက်၊ ကျွန်တော်တို့၏ ပထမဦးဆုံးလုပ်ငန်းသည်၊ အမှောင်ခွင်း၍ အလင်းဆောင်ရမည့် လုပ်ငန်းပင်ဖြစ်သည်။ ထိုအမှောင်တည်းဟူသော ကျွန်တော်တို့၏ ရန်သူနံပါတ် (၁) ကို ဖြိုခွင်းချေမှုန်းရန်၊ ကျွန်တော်တို့၏ တပ်မဟာများသည် အခြားမဟုတ်၊ ဘဝသစ်ပညာရေးတပ်မဟာ၊ လူထုပညာရေး တပ်မဟာ၊ စာပေဗိမာန် တပ်မဟာများဖြစ်၍ ဤစွယ်စုံကျမ်းကြီးသည်ကား ကျွန်တော်တို့ အသုံးပြုမည့် လက်နက်ကောင်းကြီးတစ်ခု ဖြစ်သည်။ ဤလက်နက်ကောင်းကြီး၏ အစွမ်းသတ္တိကား အဘယ်နည်း။

❖ **စွယ်စုံကျမ်းကြီးကို တစ်နေ့လျှင် တစ်နာရီဖတ်ပါ။ ဖတ်ပြီးသမျှကို နာရီဝက်ခန့် မှတ်သားပါ။ မှတ်သားပြီးသမျှကို နာရီဝက်မျှ ဆင်ခြင် သုံးသပ်ပါ။ ဤသို့ တစ်နေ့လျှင် ၂ နာရီမျှ ငါးနှစ်ခန့်လောက် စွဲစွဲမြဲမြဲ ကြိုးစားပါ။ ဤသို့ ကြိုးစားသူ၏ အမှောင်ဓာတ်သည် မည်မျှပင် ကြီးမားစေကာမူ ဤစွယ်စုံကျမ်းကြီးသည် ထိုအမှောင်ဓာတ်ကိုခွင်း၍ အလင်းကို ဆောင်ကုန်လတ္တံ့။ ထိုသူသည် ဖိုးသုညပင် ဖြစ်စေကာမူ ဤစွယ်စုံကျမ်းကြီးသည် ထိုဖိုးသုညကို ဖိုးရာဇာအဖြစ်သို့ ပြောင်းလဲပေးကုန်လတ္တံ့။**

ဤစွယ်စုံကျမ်းကြီးကို တစ်နေ့လျှင် တစ်နာရီဖတ်ပါ။ ဖတ်ပြီးသမျှကို နာရီဝက်ခန့် မှတ်သားပါ။ မှတ်သားပြီးသမျှကို နာရီဝက်မျှ ဆင်ခြင်သုံးသပ်ပါ။ ဤသို့ တစ်နေ့လျှင် ၂ နာရီမျှ ငါးနှစ်ခန့်လောက် စွဲစွဲမြဲမြဲ ကြိုးစားပါ။ ဤသို့ ကြိုးစားသူ၏ အမှောင်ဓာတ်သည် မည်မျှပင် ကြီးမားစေကာမူ၊ ဤစွယ်စုံကျမ်းကြီးသည် ထိုအမှောင်ဓာတ်ကိုခွင်း၍ အလင်းကို ဆောင်ကုန်လတ္တံ့။ ထိုသူသည် ဖိုးသုညပင် ဖြစ်စေကာမူ၊ ဤစွယ်စုံကျမ်းကြီးသည် ထိုဖိုးသုညကို ဖိုးရာဇာအဖြစ်သို့ ပြောင်းလဲပေးကုန်လတ္တံ့။

အလင်းဓာတ်ခံရှိပြီးဖြစ်သော်လည်း၊ ထိုအလင်းဓာတ်ကို ဆတက်ထမ်းပိုးတိုး၍ အလိုရှိသော သူများအဖို့မှာလည်း၊ ထိုသူတို့၏ လိုအင်ဆန္ဒဟူသမျှသည် တလုံးတဝတည်း ပြည့်စုံကြကုန်လတ္တံ့။ ဤသို့သော သတ္တိထူးတို့နှင့် ပြည့်စုံသည့် ဤစွယ်စုံကျမ်းကြီးကို လက်ကိုင်ပြုလျက် ပြည်ထောင်စုသူ ပြည်ထောင်စုသား အပေါင်းတို့သည် လူသစ်တည်၍ ပြည်သစ်ဆောက်နိုင်ကြပါစေသတည်း" ဟူ၍ ၁၉၅၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည့် မြန်မာ့စွယ်စုံကျမ်းအတွဲ (၁) တွင် ဤသို့ အမှာစာ ရေးသားပေးခဲ့ပါသည်။

### မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၂၂ ဖြန့်ချိနိုင်တော့မည်

နောက်ပိုင်းကာလများတွင် စာပေဗိမာန်သည် မြန်မာ့စွယ်စုံကျမ်း၏ အဖြည့်ကျမ်းများအနေဖြင့် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာအုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ ၂၀၂၂ ခုနှစ်အထိ နှစ်စဉ်ထုတ်ဝေခဲ့သည်မှာ စုစုပေါင်း ၄၄ အုပ် ရှိခဲ့ပြီးဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၂၂ သည်လည်း မကြာမီရက်ပိုင်းအတွင်း ဖြန့်ချိနိုင်တော့မည်ဖြစ်ပါသည်။

၁၉၅၄ ခုနှစ်မှစတင်၍ ထုတ်ဝေခဲ့သော စွယ်စုံကျမ်း (၁၅) တွဲ၏ တည်ပုဒ်အချို့နှင့် အကြောင်းအရာ တချို့မှာ ခေတ်နှင့်အညီ ပြန်လည်ပြုပြင်ဖြည့်စွက်ရန် လိုအပ်နေပြီဖြစ်သောကြောင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့် မြန်မာ့စွယ်စုံကျမ်း တည်းဖြတ်ပြင်ဆင်ရေးကိစ္စတွင် ပါဝင်ကူညီရန် စိတ်အားထက်သန်စွာ ကမ်းလှမ်းလာသည့် ထွန်းဖောင်ဒေးရှင်းတို့ပူးတွဲကာ ၂၀၁၈ ခုနှစ်မှစတင်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့၏ လုပ်ငန်းတာဝန်ခွဲဝေမှုဆိုင်ရာ မူဘောင်သဘောတူညီချက် (FWA-Frame Work Argreement) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၄ ရက် မွန်းလွဲ (၁၄:၀၀) နာရီတွင် အမှတ် (၅၂၉၊ ၅၃၁) ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့် စာပေဗိမာန်ရုံး၌ ကျင်းပခဲ့ပါသည်။

### မြန်မာ့ စွယ်စုံကျမ်းများ ပြန်လည်ပုံနှိပ်ထုတ်ဝေရေး

ထွန်းဖောင်ဒေးရှင်းအနေဖြင့် အခြားသော စာပေယဉ်ကျေးမှုဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများတွင် အားပေးဆောင်ရွက်ခဲ့သည့်နည်းတူ ယခုဆောင်ရွက်လျက်ရှိသော မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းကြီးတွင်လည်း ခေတ်မီတည်ပုဒ်အသစ်များ ရှာဖွေထည့်သွင်းနိုင်ရေးအတွက် ပညာရှင်အဖွဲ့များဖြင့် စုဖွဲ့ဆောင်ရွက်ခြင်း၊ ဘာသာပြန်ခြင်းမှအစပြု၍ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းတိုင်အောင် လိုအပ်သော လုပ်ငန်းဆိုင်ရာအထောက်အကူပြုပစ္စည်းများနှင့် ဘဏ္ဍာငွေကြေးဆိုင်ရာ ပံ့ပိုးဖြည့်ဆည်းခြင်းတို့ကို ကမကထပြု ဆောင်ရွက်ပေးခဲ့ပါသည်။

မကြာမီဖြန့်ချိတော့မည့် "မြန်မာ့စွယ်စုံကျမ်း အတွဲ (၁) (က-ကုတ်)" စာအုပ်ထွက်ပေါ်လာရေးအတွက် အောက်ဖော်ပြပါဦးဆောင်ကော်မတီက တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည် -

| | | | |
|---|---|---|---|
| ၁။ | ဦးချစ်နိုင် | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန၊<br>[ယခု ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)] | နာယက |
| ၂။ | ဦးသိန်းထွန်း<br>(ကွယ်လွန်) | ဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်း | နာယက |
| ၃။ | စည်သူ<br>ဒေါက်တာ<br>သော်ကောင်း | စာကြည့်တိုက်မှူး (ငြိမ်း)<br>တက္ကသိုလ်များ<br>ဗဟိုစာကြည့်တိုက် | ဥက္ကဋ္ဌ |
| ၄။ | ဒေါက်တာ<br>ခင်အေး<br>(မောင်ခင်မင်<br>- ဓနုဖြူ) | ပါမောက္ခ (ငြိမ်း)<br>ရန်ကုန်တက္ကသိုလ် | ဒုတိယ<br>ဥက္ကဋ္ဌ (၁) |

စာမျက်နှာ ၇ သို့

# အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**နေပြည်တော်  မေ ၁၈**

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အမျိုးသားပြတိုက်(နေပြည်တော်) Mini Theatre ၌ ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး(ယဉ်ကျေးမှု) ဒေါက်တာ မိုးဇော်ထွန်းက ယခုနှစ် ၂၀၂၂ ခုနှစ် အပြည်ပြည် ဆိုင်ရာ ပြတိုက်များနေ့၏ ဆောင်ပုဒ်အဖြစ် ပြတိုက် များ၏ စွမ်းအားကို အသိအမှတ်ပြုသည့်အနေဖြင့် The Power of Museums "လူ့ဘောင် လောက တိုးတက်ဖို့၊ ပြတိုက်စွမ်းအားဖြင့် မြှင့်တင်စို့" ဟု သတ်မှတ်ထားကြောင်း၊ လူ့ဘောင်လောကကြီး တစ်ခုလုံး သာယာလှပစေရန်နှင့် တိုးတက်မှုများ ရရှိစေရန်အတွက်သာမက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးတည်ချက် ၉ ရပ်တွင် ပါဝင်သည့် လူမှုရေးဦးတည်ချက် ၃ ရပ်အနက် ဒုတိယအချက် ဖြစ်သည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက် ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး" ဆိုသည့် အချက်ကို ပြတိုက်များ၏ စွမ်းအားဖြင့် အကောင် အထည်ဖော် ဆောင်ရွက်ကြရာ၌ ပြတိုက်ပညာရှင် များနှင့် ပြတိုက်ဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် ပြော ကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်ဦးလွင်က အခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲအား ဆက်လက် ပြုလုပ်ရာ စာတမ်းရှင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက် (နေပြည်တော်) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကလျာချောစုက "သမားရိုးကျပြတိုက်နှင့် ဒေသသဘာဝ အခြေခံပြတိုက်များအား ရှုမြင် လေ့လာသုံးသပ်ခြင်း" စာတမ်း၊ ဦးစီးအရာရှိ ဒေါ်အိဇင်သူက " Museum Inter- pretation" စာတမ်းနှင့် ဦးစီးအရာရှိ ဒေါ်မှူးစန္ဒြာခင်က " ပြတိုက်ဘေးအန္တရာယ် စီမံခန့်ခွဲမှု " စာတမ်း စုစုပေါင်း သုံးစောင်ကို ဖတ်ကြားတင်သွင်းခဲ့ပါသည်။ အခမ်းအနားတွင် သဘာပတိအဖြစ် ဦးရဲမြတ်အောင်၊ ညွှန်ကြားရေးမှူး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနက ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာကြ သူများ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် စာတမ်း ရှင်များက ပြန်လည်ဖြေကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) ဒေါက်တာ မိုးဇော်ထွန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ ပြီး သဘာပတိနှင့် စာတမ်းရှင်များအား ဂုဏ်ပြု လက်ဆောင်များ ပေးအပ်သည်။

ယနေ့ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ပြတိုက် များနေ့ အထိမ်းအမှတ်အခမ်းအနားသို့ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်စစ်သမိုင်း ပြတိုက်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်တို့မှ တာဝန်ရှိသူများ၊ အမျိုးသားပြတိုက် (နေပြည်တော်) မှ အရာထမ်း၊ အမှုထမ်းများ ပါဝင်တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ပြတိုက်များအားလုံးနှင့် အခြားသော ICOM Myanmar အဖွဲ့ဝင်ပြတိုက်များကလည်း အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

| | | |
|---|---|---|
| ၅။ ဒေါက်တာ တင်လှိုင် (ဘိုးလှိုင်) | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အဏုမြူစွမ်းအင်ဦးစီးဌာန | ဒုတိယ ဥက္ကဋ္ဌ (၂) |
| ၆။ ဦးဝင်းကျော် အောင် | ညွှန်ကြားရေးမှူးချုပ် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန | အတွင်းရေးမှူး |
| ၇။ ဦးတိုးကျော် | စာတည်းမှူးချုပ်၊ စာပေဗိမာန် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန | တွဲဖက် အတွင်းရေးမှူး |

"မြန်မာ့စွယ်စုံကျမ်း အတွဲ (၁) (က-ကုတ်)" စာအုပ်တွင် ပါဝင်သော အကြောင်းအရာများအတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော စာတည်းများက တာဝန်ယူဆောင်ရွက်ခဲ့ပါသည် -

**မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးလုပ်ငန်း စာတည်းအဖွဲ့**

| | |
|---|---|
| ၁။ စည်သူ ဒေါက်တာသော်ကောင်း | စာတည်းမှူးချုပ် |
| ၂။ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) | စာတည်းမှူး (ဝိဇ္ဇာပညာ+မြန်မာမှု) |
| ၃။ ဒေါက်တာတင်လှိုင် (ဘိုးလှိုင်) | စာတည်းမှူး (သိပ္ပံနည်းပညာ+ ဘာသာပြန်) |
| ၄။ ဒေါက်တာစန်းဝင်း | စာတည်း (ရှေးဟောင်းသုတေသန) |
| ၅။ ဦးအေးချို (ဦးအေးချို မဟာဝိဇ္ဇာ) | စာတည်း (ဝိဇ္ဇာပညာ မြန်မာမှု) |
| ၆။ ဦးသန်းထွဋ် (လင်း-ဆေး/၁) | စာတည်း (သိပ္ပံနည်းပညာ+ ဘာသာပြန်) |
| ၇။ ဒေါက်တာအောင်ကြီး | စာတည်း (သိပ္ပံနည်းပညာ+ ဘာသာပြန်) |
| ၈။ ပါမောက္ခဦးသိန်းလှိုင် | စာတည်း (ဝိဇ္ဇာပညာ+မြန်မာမှု) |
| ၉။ ဒေါက်တာစိုးနိုင် | စာတည်း (ဝိဇ္ဇာပညာ+မြန်မာမှု) |
| ၁၀။ ဦးအေးမောင်ကျော် (အေးမောင်ကျော်) | စာတည်း (သိပ္ပံနည်းပညာ+ ဘာသာပြန်) |
| ၁၁။ ဦးသန်းအုန်း (မောင်ဇေယျာ) | စာတည်း (ဝိဇ္ဇာပညာ+ မြန်မာမှု) |

**စာပေဗိမာန် စာတည်းများ**

| | |
|---|---|
| ၁။ ဦးတိုးကျော် | စာတည်းမှူးချုပ်၊ စာပေဗိမာန် |
| ၂။ ဒေါ်တင်တင်ဝင်း | ဒုတိယစာတည်းမှူးချုပ်၊ စာပေဗိမာန် |
| ၃။ ဦးစိုးမြင့်သန်း | စာတည်းမှူး၊ စာပေဗိမာန် (ငြိမ်း) |
| ၄။ ဒေါ်နုနုယဉ် | စာတည်းမှူး၊ စာပေဗိမာန် (ငြိမ်း) |
| ၅။ ဒေါ်ခင်ဝါဆွေ | စာတည်းမှူး၊ စာပေဗိမာန် (ငြိမ်း) |
| ၆။ ဦးအောင်ဇော်မျိုး | စာတည်းမှူး၊မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ |
| ၇။ ဒေါ်သင်းသင်းမာ | စာတည်းမှူး၊မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ |
| ၈။ ဒေါ်မြင့်မြတ်သီတာ | စာတည်း၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ |
| ၉။ ဦးစိုးနိုင်ထွန်း | စာတည်း၊ စာပေဗိမာန် |

**ထွန်းဖောင်ဒေးရှင်းစာတည်းများ**

| | |
|---|---|
| ၁။ ဦးစောလွင် (မောင်သွေးသစ်) | စာတည်း၊ ထွန်းဖောင်ဒေးရှင်း |
| ၂။ ဦးဇော်ညွန့် | ဘာသာပြန်၊ ထွန်းဖောင်ဒေးရှင်း |
| ၃။ ဦးကိုကို | ဘာသာပြန်၊ ထွန်းဖောင်ဒေးရှင်း |
| ၄။ ဦးထွန်းအုံ | ဘာသာပြန်၊ ထွန်းဖောင်ဒေးရှင်း |
| ၅။ ဦးတင်အောင်ကျော် | ဘာသာပြန်၊ ထွန်းဖောင်ဒေးရှင်း |
| ၆။ ဦးစိုးမင်းဦး | ဘာသာပြန်၊ ထွန်းဖောင်ဒေးရှင်း |
| ၇။ ဦးသောင်းဝင်း | ဘာသာပြန်၊ ထွန်းဖောင်ဒေးရှင်း |

ယခု စွယ်စုံကျမ်း အတွဲ -၁ တွင် စာမျက်နှာ ၅၀၀ ခန့် ပါရှိပြီး အက္ခရာ (က-ကုတ်) အထိ အကြောင်းရပ် တည်ပုဒ်ပေါင်း ၄၂၀ ကျော်၊ ရောင်စုံဓာတ်ပုံ မြေပုံပေါင်း ၅၀၀ ခန့်တို့ဖြင့် ဝေဆာစွာ ထည့်သွင်း ဖော်ပြထားပါသည်။ မူလမြန်မာ့စွယ်စုံကျမ်း အတွဲ -၁ (က-ကုံ) ထုတ်ဝေစဉ်က ၁၉၅၄ ခုနှစ်ဖြစ်ရာ ယခုအခါ နှစ်ပေါင်း ၆၈ နှစ်မျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုကာလအတွင်း တိုးတက်ပြောင်းလဲဖြစ်ပေါ် ခဲ့သော ပညာရပ်ဆိုင်ရာ အချက်အလက်များ၊ မြန်မာနှင့် နိုင်ငံတကာ ဆိုင်ရာ အကြောင်းခြင်းရာသစ်များကို ဖြည့်စွက်ထည့်သွင်းခြင်း၊ မညီညွတ်သည်များကို တည်းဖြတ်ပြင်ဆင်ခြင်း အလုပ်ကို စာပေပညာ ရှင်ကြီးများ ပါဝင်သည့် မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီနှင့် စာတည်းအဖွဲ့ဝင်များ စိတ်ရှည်လက်ရှည် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

ပညာခေတ်ဟုခေါ်သော ၂၁ ရာစုတွင် ယခင်ရာစုများနှင့်မတူ တစ်မူထူးခြား ပြောင်းလဲတိုးတက်လာသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတို့အပြင် သိအပ်စရာ၊ တတ်အပ်စရာ အသိပညာဗဟုသုတ အစုံပါဝင်သည့် မြန်မာ့စွယ်စုံကျမ်းအတွဲ -၁ (က-ကုတ်) ထွက်ပေါ် နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီး ဌာန၏ ပြည်ထောင်စုဝန်ကြီးများ၊ စိတ်အားထက်သန်စွာ ပူးပေါင်း ဆောင်ရွက်ခဲ့သည့် ကွယ်လွန်သွားပြီဖြစ်သော ဦးသိန်းထွန်း ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေ ရေးလုပ်ငန်း ဦးဆောင်ကော်မတီဝင်များ၊ ပညာရှင်များ၊ စာတည်း အဖွဲ့ဝင်များနှင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း လေးစားစွာ ဂုဏ်ပြုမှတ်တမ်းတင် အပ်ပါသည်။

မကြာမီထွက်ရှိတော့မည့် အဆိုပါစာအုပ်ကို ရန်ကုန်မြို့ရှိ အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်း စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁- ၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ နေပြည်တော်ရှိ အမှတ် (တ- ၅၅) သပြေကုန်းဈေး စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ မန္တလေးမြို့ရှိ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ စာပေဗိမာန်စာအုပ် ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ် များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်၍ ဝယ်ယူနိုင် ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

# စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်



**နေပြည်တော် မေ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စုပေါင်းအစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်အမှာစကားပြောကြားသည်။ အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုသမဝါယမအသင်းမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများနှင့် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များချမှတ်ပြီး မြို့ပြနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးမှုကို ဆက်စပ်ဆောင်ရွက်နိုင်သည့် ဦးစီးဌာနသုံးခု ပူးပေါင်းဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း၊ ထုတ်လုပ်၊ ဝန်ဆောင်၊ ကုန်သွယ်သမဝါယမအသင်းပေါင်း ၃၉၃၉၉ သင်းဖွဲ့စည်းပြီး အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေး အထောက်အကူပြုနိုင်ရန်နှင့် အသင်းသားပြည်သူများ၏ အကျိုးရရှိရေးကို လက်တွေ့ဖော်ဆောင်ရန် လိုကြောင်း။

သမဝါယမအသင်းသစ်များ တိုးချဲ့ဖွဲ့စည်းပြီး အမှုဆောင်ဒါရိုက်တာများ ရွေးချယ် တင်မြှောက်ရာတွင် လုပ်ငန်းများကျွမ်းကျင်ပြီး တက်ကြွသော ပုဂ္ဂိုလ်များ ပါဝင်လာနိုင်ရေး စည်းရုံးဖွဲ့စည်းသွားကြရန် လိုအပ်ပါကြောင်း၊ သမဝါယမကန်ထရိုက်လယ်ယာစနစ်ကို သမဝါယမအသင်းများက ဦးဆောင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်သွားရန်နှင့် မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးသွင်းအားစုများကို ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ သဘာဝမြေသြဇာများအား အသင်းအချင်းချင်း ချိတ်ဆက်ပြီး ရောင်းချဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း အပါအဝင် စားသုံးဆီဖူလုံရေးအတွက် Supply Chain တစ်ခုလုံးကို သမဝါယမအသင်းအဆင့်ဆင့် လမ်းကြောင်းက ဆောင်ရွက်နိုင်ရေး ကြိုးပမ်းအားထုတ်ကြရန်နှင့် ဒေသအလိုက် ထွက်ရှိသည့် လူသုံးကုန်စားသောက်ကုန်ပစ္စည်း၊ ကုန်ကြမ်းများကို အရည်အသွေးပြည့်မီသော ကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် သမဝါယမအသင်းပိုင် စက်ရုံအလုပ်ရုံများဖွင့်လှစ်ခြင်း ဆောင်ရွက် သွားကြရန်နှင့် လူသုံး၊ အိမ်သုံးပစ္စည်းများအား ပြည်သူများ ပစ္စည်းမှန်၊ ဈေးမှန် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရေး သမဝါယမအရောင်းဆိုင်များအား အဆင့်မြှင့်တင်ပြီး ရောင်းအားကောင်းသော ပစ္စည်းများ စုံလင်စွာ ရောင်းချနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုစီတွင် ခေတ်မီစံပြကျေးရွာ (Smart Village) သုံးရွာစီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ခေတ်မီစံပြကျေးရွာများတွင် သမဝါယမစနစ်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာသူ/ကျေးရွာသားများ စည်းရုံးပြီး စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိနိုင်ရေး သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်သွားကြရန်ကိုလည်း တိုက်တွန်းလိုကြောင်း။

သမဝါယမကဏ္ဍအနေဖြင့် ပြည်သူများအား သမဝါယမဆိုင်ရာ အသိပညာပြန့်ပွားရေး ကွင်းဆင်းစည်းရုံးဆောင်ရွက်ပြီး ရရှိလာသည့် အကျိုးငွေများကိုလည်း အသင်းသားများအား ထိရောက်စွာ ပံ့ပိုးပေးနိုင်အောင် လုပ်ဆောင်ပေးရန် လိုကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆောင်ရွက်ရာတွင် သမဝါယမသင်တန်းကျောင်းများ အဆင့်မြှင့်တင်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားခွင့်ရရှိအောင် စီမံဆောင်ရွက်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို လည်း ဆောင်ရွက်ပေးကြရန် မှာကြားသည်။

သမဝါယမအသင်းများကို ဦးဆောင်ကြီးကြပ်မှုပြုနိုင်ရန် အခြားဦးစီးဌာနများကဲ့သို့ ခရိုင်အဆင့်ဖွဲ့စည်းပုံများတိုးချဲ့ပြီး ကြီးကြပ်ဆောင်ရွက်သွားကြရန်၊ ပြည်သူများအတွက် လက်ငင်းအကျိုးပြုနိုင်မည့် လုပ်ငန်းများကို ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး ယန္တရားစနစ် ချမှတ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျော်ဖုံးမှ*

အမျိုးသမီး (-၅၅) ကီလိုတန်းတွင် မနှင်းသက်ဝေက ကြေးတံဆိပ်ဆုကို လည်းကောင်း၊ My Dinh National Stadium ၌ ပြေးခုန်ပစ် အားကစားနည်း မီတာ ၁၀၀၀၀ အမျိုးသမီးအပြေးပြိုင်ပွဲတွင် မခင်မာဆယ်က ငွေတံဆိပ်ဆုကို လည်းကောင်း၊ Hai Phong မြို့၌ ကနူး/ကယက် လှေလှော် အားကစားနည်းမှ ကယက် လှေလှော် မီတာ ၁၀၀၀ အမျိုးသား လေးတက်လှော်ပွဲစဉ်၌ မြန်မာ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ကနူးလှေလှော် မီတာ ၁၀၀၀ အမျိုးသား လေးတက်လှော်ပွဲစဉ်၌ မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာနိုင်ငံမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း ဆုများ အသီးသီး ထပ်မံရရှိသည်။

အလားတူ ယနေ့ပြိုင်ပွဲများအဖြစ် Hanoi National Sport Training Center ၌ ကျင်းပလျက်ရှိသော မြားပစ်အားကစားနည်း အမျိုးသမီး (Recurve) အသင်းလိုက်ပြိုင်ပွဲ တတိယနေရာလုပွဲ ပွဲစဉ်၌ မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ကြေးတံဆိပ်ဆု ကိုလည်းကောင်း၊ Tay Ho အားကစားရုံ၌ တိုက်ကွမ်ဒို အားကစားနည်း (-၆၃) ကီလိုတန်း ပြိုင်ပွဲတွင် မောင်ဇော်လင်းထက်က ကြေးတံဆိပ်ဆုကို လည်းကောင်း မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ ထပ်မံဆွတ်ခူးပေးနိုင်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ယှဉ်ပြိုင်လျက်ရှိသော အားကစားနည်းများမှ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ၊ ဘော်လီဘော အားကစားပြိုင်ပွဲနှင့် ဘောလုံး(အမျိုးသမီး) အားကစားပြိုင်ပွဲများတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင် ကစားနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်တုရင်၊ ပီတန်း၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ကနူး၊ E-sports၊ ပြေးခုန်ပစ်၊ ဘိလိယက်၊ ဖူဆယ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဗိုဗီနမ်၊ လက်ဝှေ့နှင့် ဘောလုံး (အမျိုးသမီး) အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ၁၉-၅-၂၀၂၂ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြေးခုန်ပစ်၊ စစ်တုရင်၊ သေနတ်ပစ်၊ ပိုက်ကျော်ခြင်း၊ ကနူးလှေလှော်၊ E-sports၊ ဖူဆယ်၊ ဘိလိယက်၊ လက်ဝှေ့၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ အလေးမနှင့် ဗိုဗီနမ် အားကစားပြိုင်ပွဲများကို ဆက်လက် ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် ရှစ်ခုနှင့် ကြေးတံဆိပ် ၁၅ ခုတို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ် ၂၉ ခုဖြင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှု အဆင့်(၇)တွင် ရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဗိုဗီနမ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မြန်မာအားကစားသမားနှစ်ဦး သရုပ်ပြယှဉ်ပြိုင်စဉ်။

## (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၈ - ၅ - ၂၀၂၂

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၁၂၆ | ၇၆ | ၇၄ | ၂၇၆ |
| ၂ | ထိုင်း | ၅၃ | ၅၉ | ၈၀ | ၁၉၂ |
| ၃ | ဖိလစ်ပိုင် | ၃၇ | ၄၉ | ၆၅ | ၁၅၁ |
| ၄ | စင်ကာပူ | ၃၇ | ၃၉ | ၄၉ | ၁၂၅ |
| ၅ | အင်ဒိုနီးရှား | ၃၆ | ၄၉ | ၄၉ | ၁၃၄ |
| ၆ | မလေးရှား | ၂၇ | ၃၂ | ၆၃ | ၁၂၂ |
| ၇ | မြန်မာ | ၆ | ၈ | ၁၅ | ၂၉ |
| ၈ | ကမ္ဘောဒီးယား | ၄ | ၆ | ၁၅ | ၂၅ |
| ၉ | ဘရူနိုင်း | ၁ | ၁ | ၁ | ၃ |
| ၁၀ | လာအို | ၀ | ၃ | ၁၉ | ၂၂ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၂ | ၀ | ၂ |

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် မေ ၁၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့ တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်နိုင်သည်။ **မိုး/ဇလ**




# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ယှဉ်ပြိုင်ခဲ့သည့် မြန်မာအားကစားသမားအဖွဲ့ ဒုတိယအသုတ်အား ကြိုဆို

**ရန်ကုန် မေ ၁၈**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်နေသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားအဖွဲ့ ဒုတိယအသုတ်သည် ယမန်နေ့ည ၉ နာရီခွဲတွင် မြန်မာ့လေကြောင်းစင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် အမျိုးသားဘောလုံးအသင်းမှ ၃၅ ဦး၊ ဂေါက်သီးအားကစားသမား ၁၇ ဦး ၊ မြားပစ်အားကစားသမား သုံးဦးနှင့် တိုက်ကွမ်ဒို အားကစားသမား ငါးဦးတို့ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ထွန်းမင်းသန့်၊ ထက်ဝေလွင်၊ မြင့်ကိုကို၊ စောမိုးအောင်၊ ကြေးတံဆိပ်ရရှိသည့် မြန်မာလှေအဖွဲ့တွင် ဝင်းထိုက်၊ မင်းနိုင်၊ စိုင်းမင်းဝေ၊ သန့်ဇင်ဦးတို့ ပါဝင်ကြသည်။

ကနူး/ကယက်လှေပြိုင်ပွဲကို မေ ၁၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့အနေဖြင့် ဗိုလ်လုပွဲပွဲစဉ် သုံးပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့သည် ကနူး/ကယက်ပြိုင်ပွဲတွင် ငွေတစ်ခု၊ ကြေးနှစ်ခု ရရှိထားသည်။

**ကိုညီလေး၊ ခတ်ပုံ-MRF**

# မြန်မာအမျိုးသမီးဘောလုံးအသင်း ဗီယက်နမ်ကို ရှုံးနိမ့်ခဲ့ရသော်လည်း ပရိသတ်များ၏ တစ်ခဲနက်ထောက်ခံအားပေးမှုများစွာ ရရှိခဲ့

**နေပြည်တော် မေ ၁၈**

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ အာဆီယံနိုင်ငံအသီးသီးမှ နိုင်ငံကိုယ်စားပြု အားကစားအသင်း၊ အဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ဘောလုံးအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် အုပ်စုအဆင့်ကို ကျော်ဖြတ်၍ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ညနေပိုင်းတွင် ကျင်းပခဲ့ရာ မြန်မာအမျိုးသမီး ဘောလုံးအသင်းအနေဖြင့် အိမ်ရှင်ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ အိမ်ရှင်ဗီယက်နမ်အမျိုးသမီး ဘောလုံးအသင်းအနေဖြင့် အစဉ်အလာရှိသည့်အသင်းဖြစ်ပြီး အိမ်ရှင်အသင်းဖြစ်သည်နှင့်အညီ ပရိသတ်အား၊ ကစားအားအသာဖြင့် မြန်မာအသင်းကို ယှဉ်ပြိုင်ခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ဖိအားပေးကစားနိုင်ခဲ့သော်လည်း မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် ဂိုးကံခေခဲ့ခြင်း၊ ဗီယက်နမ်ဂိုးသမား၏ လက်စွမ်းပြကာကွယ်ခြင်းများကြောင့် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းက မြန်မာအမျိုးသမီးဘောလုံးအသင်းကို ပထမပိုင်းပွဲကစားချိန် ၂၇ မိနစ်တွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် နိုင်ငံချစ်စိတ်အပြည့်ဖြင့် ကိုယ်စွမ်း ဉာဏ်စွမ်းများကို အပြည့်အဝအသုံးချပြီး တစ်ဦးချင်းအားသွန်ခွန်စိုက် ကြိုးပမ်း၍ ယှဉ်ပြိုင်ကစားခဲ့သော်လည်း အိမ်ရှင်ဗီယက်နမ်အသင်းကို တစ်ဂိုး-ဂိုးမရှိရလဒ်ဖြင့် ကံအကြောင်းမလှစွာဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ထိုသို့ ကျဉ်းမြောင်းသောဂိုးရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း မြန်မာပြည်သူလူထုအပါအဝင် အခြားသောဘောလုံးဝါသနာရှင်ပရိသတ်များ၏ တစ်ခဲနက်ထောက်ခံအားပေးမှုများစွာကို အပြည့်အဝရရှိခဲ့သည်။

တစ်ဖက်တွင်ကစားခဲ့သည့် ထိုင်းအမျိုးသမီးဘောလုံးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီး ဘောလုံးအသင်းတို့၏ အကြိုဗိုလ်လုပွဲစဉ်တွင် ထိုင်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် ဗိုလ်လုပွဲတွင် ထိုင်းအမျိုးသမီးဘောလုံးအသင်းနှင့် အိမ်ရှင်ဗီယက်နမ် အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ဗိုလ်လု ကစားရမည်ဖြစ်ပြီး မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ဖိလစ်ပိုင် အမျိုးသမီးဘောလုံးအသင်းတို့သည် မေ ၂၁ ရက်တွင် တတိယနေရာလုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆီးဂိမ်း ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာနှင့် ဗီယက်နမ်တွေ့ဆုံ

**ရန်ကုန် မေ ၁၈**

ဆီးဂိမ်း ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၉ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်ပြီး မြန်မာအတွဲသည် အိမ်ရှင်ဗီယက်နမ်အတွဲနှင့်တွေ့ဆုံနေသည်။

ဘိလိယက် နှစ်ယောက်တွဲပြိုင်ပွဲတွင် လေးသင်းသာဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပုံစံဖြင့် ကစားစေမည်ဖြစ်ကာ အနိုင်ရသည့်နှစ်သင်းမှာ ဗိုလ်လုပွဲတက်ရောက်ခွင့်ရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအတွဲမှာ အိမ်ရှင်ဗီယက်နမ်အတွဲနှင့် တွေ့ဆုံနေပြီး အခြားပွဲစဉ်တွင် စင်ကာပူအတွဲနှင့် ထိုင်းအတွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအတွဲတွင် ပေါက်စနှင့် မင်းစည်သူထွန်းတို့ယှဉ်ပြိုင်မည်ဖြစ်ပြီး ဗီယက်နမ်အတွဲတွင် ထရန်လီထယောင်နှင့် ငုယင်ဘင်သန်၊ စင်ကာပူအတွဲတွင် ပီတာဂေးလ်ခရစ်နှင့် ယီဝေပန်၊ ထိုင်းအတွဲတွင် ပရာပွတ်နှင့် ထာဝပ်တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းအတွဲများအနက် ပရာပွတ်နှင့် ထာဝပ်အတွဲမှာ ဆယ်စုနှစ်တစ်ခုကျော်ကြာ တောက်လျှောက်ယှဉ်ပြိုင်လာသူဖြစ်ပြီး ဆီးဂိမ်း ဘိလိယက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်လေးကြိမ်အထိ ရယူထားနိုင်သည်။ မြန်မာအတွဲဖြစ်သည့် ပေါက်စနှင့် မင်းစည်သူထွန်းမှာ ဆီးဂိမ်းပြိုင်ပွဲတွင် ပထမဆုံးအကြိမ် နှစ်ယောက်တွဲပြိုင်ပွဲ၌ ယှဉ်ပြိုင်မည်ဖြစ်သော်လည်း လေ့ကျင့်ရေးပြည့်ဝနေသည့်အပြင် ပေါက်စသည် မေ ၁၇ ရက်က ကျင်းပပြီးစီးခဲ့သည့် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူထားသူဖြစ်သည်။

ထို့ပြင် မင်းစည်သူထွန်းသည် ဆီးဂိမ်းဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲ ယှဉ်ပြိုင်ဖူးသည့် အတွေ့အကြုံကောင်းများ ရှိသူဖြစ်ပြီး အောင်ဌေးနှင့်အတူ ၂၀၁၅ စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် ၂၀၁၇ မလေးရှား ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ် ရရှိထားသည်။

ဘိလိယက် နှစ်ယောက်တွဲပြိုင်ပွဲကို နောက်ဆုံးကျင်းပသည့် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပခြင်းမရှိဘဲ ယခုအကြိမ်မှ ပြန်လည်ပါဝင်ခြင်း ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့သည် နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်များ ရယူနိုင်ခဲ့ပြီး ယခုပြိုင်ပွဲတွင်လည်း ပေါက်စက တစ်ဦးချင်းပြိုင်ပွဲတွင် ဗိုလ်စွဲထားရာ ရွှေတံဆိပ်ရယူနိုင်ရန် အလားအလာကောင်းလျက်ရှိသည်။

ဘိလိယက် နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်းတို့ကသာ ရွှေတံဆိပ်ဆုများကို အများဆုံးရယူထားပြီး ဘိလိယက်ကစားသမားကောင်း များစွာ ပိုင်ဆိုင်ထားသည့် မြန်မာဘိလိယက်အဖွဲ့မှာ အလားအလာကောင်းများ ပိုင်ဆိုင်နေခြင်းဖြစ်သည်။

**ရဲရင့်လွင်**

# ဆီးဂိမ်း အမျိုးသားဖူဆယ်ပြိုင်ပွဲအုပ်စု နောက်ဆုံးနေ့ မေ ၂၀ ရက်တွင် ကျင်းပမည်

**ရန်ကုန် မေ ၁၈**

ဆီးဂိမ်းအမျိုးသား ဖူဆယ်ပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို မေ ၁၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

အုပ်စုစတုတ္ထနေ့တွင် ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့ တစ်ဂိုးစီ သရေကျပြီး အိမ်ရှင်ဗီယက်နမ်အသင်းက မြန်မာအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရမှ ဆုတံဆိပ်ရယူနိုင်ရန် မျှော်လင့်နိုင်မည်ဖြစ်သော်လည်း သုံးပွဲဆက်အရှုံးကြောင့် တစ်ပွဲကစားရန် ကျန်သေးသော်လည်း ဆုတံဆိပ်နှင့် လွဲချော်ရန် သေချာသွားပြီဖြစ်သည်။ မြန်မာအသင်းသည် ပြီးခဲ့သည့်လပိုင်းက ဗီယက်နမ်နှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ရာ နှစ်ကြိမ်စလုံး ပွဲချိန်အတွင်း သရေကစားနိုင်သော်လည်း ယခုပွဲတွင် ဂိုးပြတ်အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးမရှိသရေ ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးများဆက်တိုက်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသား ဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်း ပါဝင်သည့် ငါးကြိမ်စလုံး ယှဉ်ပြိုင်ခဲ့သော်လည်း ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ ယခုပွဲအပြီးတွင် အင်ဒိုနီးရှားအသင်းက ပွဲကုန်လေးပွဲကစား ရှစ်မှတ်ရရှိထားပြီး ထိုင်းနှင့် ဗီယက်နမ်အသင်းက သုံးပွဲကစား ခုနစ်မှတ်စီရရှိထားကာ မြန်မာနှင့် မလေးရှားအသင်းမှာ သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။ အုပ်စုနောက်ဆုံးနေ့ကို မေ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**




(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် တိုက်ကွမ်ဒိုအားကစားနည်း (-၆၃) ကီလိုတန်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ မောင်ဇော်လင်းထက်အား ဆုရရှိသည့်အားကစားသမားများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# ပန်းတိုင်းပွင့်၍ ပွင့်ဆဲပန်းတိုင်း လန်းကြပါစေ

ဒေါက်တာ မြတ်မိုး

**မိဘတိုင်းက မိမိတို့၏ ရင်နှစ်သည်းချာ ရင်သွေးငယ်များကို ပန်းကလေးတွေအဖြစ် တင်စားကြသည်သာ။ အဖိုးထိုက်ဆုံးရတနာအဖြစ်လည်း အမွှမ်းတင်ကြသည်။ ပန်းများလို တန်ဖိုးထား၍ အလှဆုံးဖူးပွင့်အောင် ဂရုတစိုက်ပြုစုပျိုးထောင်ပေးကြသည်။ တန်ဖိုးမြင့် ရတနာသဖွယ် သဘောထား၍ မပျောက်ပျက်၊ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ပေးကြသည်။**

ကိုယ်ပြုစုစိုက်ပျိုးပေးသော ပန်းတိုင်းကို ပွင့်စေချင်ပြီး ပွင့်သောပန်းတိုင်းလည်း လန်းစေချင်သည်မှာ စိုက်ပျိုးသူမိဘတိုင်း၏ ဆန္ဒဖြစ်မည်ထင်သည်။ ဆရာ ဆရာမတိုင်း၏ ဆန္ဒလည်း ထိုနည်းတူပင်။ ကိုယ်ချစ်သော သားသမီးကဲ့သို့ ပညာသင်ပေးရသော ကိုယ့်ရဲ့တပည့်တိုင်းကို ပန်းကလေးလို ပွင့်စေချင်၊ လန်းစေချင်၊ ရတနာတစ်ပါးလို အမြတ်တနိုး တန်ဖိုးထားချင်ကြသည်မှာ မိဘတိုင်းဆရာသမားတိုင်း၏ ပြင်းပြသော ဆန္ဒများပင် ဖြစ်ပါသည်။

## အနာဂတ်အတွက်

နိုင်ငံတော်အနေဖြင့်လည်း ထို့အတူပင် ဖြစ်ပါသည်။ လိမ္မာယဉ်ကျေးသော၊ ပညာတတ်သော၊ ပညာတော်သော အနာဂတ်၏ ကြယ်ပွင့်လေးများအဖြစ် လှလှပပ အလင်းဆောင်သည်ကိုသာ မြင်လိုမည်ဖြစ်သည်။ မိဘဆရာသမားကောင်းနှင့် ပြည်သူတို့ကလည်း မိမိတို့ စုပေါင်းပြုစုပျိုးထောင်ပေးလိုက်သော လူငယ်မျိုးဆက်တို့ကိုသာလျှင် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သော အနာဂတ်ပြည်ထောင်စုကြီးအတွက် အာမခံချက်ကောင်းတစ်ခုအဖြစ် မြင်လိုကြပေလိမ့်မည်။

ယခုကာလတွင် ကျွန်တော်တို့အားလုံးအတွက် ပညာဖြင့် ဖန်တီးထားသော ပတ်ဝန်းကျင်ကောင်းတစ်ခု လိုအပ်နေသည့်အတွက် မိဘ၊ ဆရာ၊ ကျောင်းသားထောက်တိုင်သုံးခုဖြင့် ကောင်းမွန်သော ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်ရန် အားယူနေကြရပါသည်။ မိဘ၊ ဆရာဟူသည် ယနေ့ကလေးသူငယ်တို့အတွက် အနီးစပ်ဆုံး အတုယူရမည့်သူများ ဖြစ်သင့်သည်။

အတုမြင်အတတ်သင်စ လူငယ်လူရွယ်များအတွက် မိဘနှင့် ဆရာသည် ပညာအရာတွင် စံနမူနာပြပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ထို့ကြောင့် ပညာကို အပတ်တကုတ် ကြိုးစားသင်ယူကြရန်မှာ ယနေ့မိဘ၊ ဆရာများအပေါ်တွင် အဓိကတာဝန်ရှိနေသလို နိုင်ငံတော်နှင့် ပြည်သူဘက်ကလည်း အေးချမ်းသာယာစွာဖြင့် ပညာသင်ကြားနိုင်ရေး ဥပဒေစည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းကွပ်ကြပ်မတ်ဖို့၊ လိုအပ်သော ဖြည့်ဆည်းပံ့ပိုးပေးရမည့်အပိုင်းမှာ ကူညီဖြည့်ဆည်းပေးရန် တာဝန်ရှိပါသည်။ မိဘ၊



ဆရာ၊ ပြည်သူ သုံးဦး သုံးဖလှယ်ကား ပညာပြည့်ဝနှလုံးလှသူများစွာ ပေါ်ထွန်းလာရေးတွင် အဓိကဖန်တီးရှင်များအဖြစ် မှတ်ယူရပေမည်။

## ပညာမပြည့်ဝမှု၏ သက်ရောက်မှု

ယခုကာလတစ်ခုမှာ ကျွန်တော်တို့ဝန်းကျင်တွင် ပညာမပြည့်ဝမှု၏ သက်ရောက်မှု ဒဏ်ရာဒဏ်ချက်ကို အနည်းနှင့်အများ ခံစားနေကြရသည်။ အသိအလိမ္မာတွေ အားနည်းလာကြပြီလား မသိ။ အကောင်းအဆိုး ပိုင်းခြားဝေဖန်နိုင်ခြင်း ရှိမှု၊ မရှိမှု၏ သက်ရောက်မှု အဆိုးအကောင်းကို ကြုံတွေ့နေရသည်။ ယဉ်ကျေးသိမ်မွေ့မှုနေရာမှာ ကြမ်းတမ်းခက်ထန်မှုတို့ နေရာယူနေပြီး ပျော်ရွှင်ချမ်းမြေ့မှုထက် ပူလောင်သောကဖြစ်မှုက ပိုကဲနေသလားခံစားမိသည်။

အချို့သားသမီးအရွယ် လူရွယ်လူမမယ်များ မိဘ၊ ဆရာ၊ လူကြီးသူမများ၏ ပြောဆိုဆုံးမမှုကို နာယူရန် ခက်ခဲနေတတ်သည်။ ကျေးဇူးရှင်ကို ကျေးဇူးမသိတတ်၊ ပြင်းထန်သော တုံ့ပြန်မှုများဖြင့် ကျေးဇူးဆပ်ရန် ဝန်လေးနေတတ်ကြသည်။ တစ်ခါတစ်ရံ ဆုံးမသူဘက် ကိုယ်တိုင်ကပင် စံပြဖြစ်ရမည့် အစား အတွေးအခေါ်၊ အပြောအဆို အပြုအမူက အရိုအသေမတန် ကပြောင်းကပြန်ဖြစ်နေသည်ကိုလည်း အချိုးမကျတွေ့ရပြန်သည်။

## ပညာ၏ တန်ဖိုး

လူ့အဖွဲ့အစည်းတစ်ခုမှာ ပညာတတ်၊ ပညာရှင်၊ ပညာရှိသူတို့၏ တန်ဖိုးသည် ကြီးမားသည့် အလျောက် သူတို့မရှိသည့်အခါ ပို၍သိသာသည်။ သာမန်အသိက မရေရာ၊ မသေချာ၊ အဆိုးမြင်သံသယကိုသာ မွေးဖွားတတ်ပြီး ဝေဖန်ပိုင်းခြားဆင်ခြင်နိုင်စွမ်းဟူသည့် ပညာအသိကသာလျှင် မိမိ မိသားစုအတွက်ရော၊ မိမိအသိုင်းအဝိုင်းအတွက်နှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်ပါ အကျိုးပြုနိုင်စွမ်းပိုရှိသည်မှာ ထင်ရှားပါသည်။ ပဋိပက္ခကြီးတစ်ခုလုံးကို လျော့ပါးအောင် လုပ်နိုင်စွမ်းပြီး ငြိမ်းချမ်းအောင်လည်း ဖန်တီးနိုင်စွမ်းရှိသည်မှာ ပညာဆိုသောအရာသာလျှင် ဖြစ်ပါသည်။

ဆိုလိုသည်မှာ ပညာတန်ဖိုးကြီးမားပုံကို မျှဝေလို၍ဖြစ်သည်။ ဉာဏ်ပညာရှိမှုဖြင့်သာ ကိုယ့်ကိုယ်ကိုယ်ရော၊ အခြေအနေအားလုံးအပေါ်မှာပါ မှန်မှန်ကန်ကန်သုံးသပ်နိုင်မည်ဖြစ်ပြီး ကိုယ်က သူတစ်ပါး၏ အစည်းရုံးမခံရဘဲ ကိုယ်ကသာ အများကို စည်းရုံးနိုင်မည်ဖြစ်သည်ကို ယနေ့ခေတ်မိဘများ၊ စာသင်ခန်းဝင်မည့်သူများ အထူးသတိရစေလိုပါသည်။ ယနေ့လူတော်တော်များများက မောဟအားကြီးနေကြသည်ထင်သည်၊ လုပ်သင့်တာ မလုပ်ဘဲ မလုပ်သင့်တာ လုပ်ကြတာက များသည်။ ထို့ကြောင့် မဖြစ်သင့်တာတွေ ဖြစ်နေကြရသည်ကို သတိပြုသင့်ပါသည်။

မောဟ၏ ဆန့်ကျင်ဘက်သည် ပညာဖြစ်သည်ကို မမေ့အပ်၊ မောဟအားကြီးသူသည် မာန်မာနလည်း တက်နေတတ်သည်။ မောဟစေစားရာနောက်တွင် အမှောင်ပိတ်၍ အမြင်ဝေဝါးနေတတ်သည်။ ရိုသေလေးစားကြည်ညိုမှုနှင့် ဂါရဝတရား၏ ဆန့်ကျင်ဘက်သည် ခက်ထန်ကြမ်းတမ်းသော စိတ်ဓာတ်၊ ထောင်လွှားတက်ကြွသော မာန်မာနဖြစ်သည်ကို သတိပြုစေချင်သည်။ ထိုထိုမကောင်းသော စိတ်ထားများကို ပညာနည်းသူတို့ထံတွင် ပို၍တွေ့ရလေ့ရှိသည်။ ထို့ကြောင့် ပညာကို ကြိုးစားသင်၊ လက်တွေ့နှင့် ပေါင်းစပ်ကာ အလေ့အကျင့် များများလုပ်ပြီး ပညာတတ်ဖြစ်အောင်လုပ်စေချင်သည်။

သုတစုံပြီး ထပ်ခါထပ်ခါ သိနားလည်လာ၍ အတွေ့အကြုံများလာပြီဆိုပါက၊ အမှားအမှန် ခွဲခြားနိုင်ပြီဆိုပါက ပညာရှင်ဟု ကိုယ့်ကိုယ်ကိုယ် သတ်မှတ်နိုင်ပြီဖြစ်သည်။ အရာရာ ပညာကရှေ့ဆောင်သွားလျှင်တော့ ပညာပေါ် ပညာဆင့်ကာ အမှန်များလာပြီး အမှားလည်း နည်းလာမည်သာဖြစ်သည်။ လူကတော်ရုံသာမဟုတ် ကောင်းလည်း ကောင်းသည့် လူတော်လူကောင်းတစ်ယောက်အဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် အရွယ်ကောင်းတုန်းမှာ ပညာရှာထားကြရန်နှင့် အရွယ်လွန်မှဆိုလျှင်တော့ ပညာနှင့်လည်းဝေး အပယ်ဘေးသာ တွေ့ရန် များနိုင်သည်ဟုသာ ဆိုရပါတော့မည်။

## ပညာဝေးသူနှင့်ပညာသင်ခွင့်ရသူအကြား ကွာဟချက်ကား ကြီးလှသည်

**ယနေ့ခေတ်လူငယ်လူရွယ်များကို ကောင်းစေလို၍ ဆုံးမပဲ့ပြင် လမ်းညွှန်နိုင်စွမ်းများသူမှာ မိဘဆရာသမားများသာ ဖြစ်သည်ကို အနီးစပ်ဆုံး တွေ့ရသည်။ အချိန်ရှိခိုက် စာသင်ခန်းနှင့် ဝေးသောကလေးများသည် ပညာရှိနှင့်လည်း ဝေးရပြီး ပညာတတ်များထံမှလည်း ပညာသင်ကြားခွင့်မရ၊ ပြောဆိုအဆုံးအမကိုလည်း နားမဝင် နာခံခွင့်မရ နစ်နာလွန်းလှသည်။ ပညာရှင်နှင့် မနီးစပ်သောကလေးသည်ကား အမှားအမှန် မခွဲခြားတတ်၊ အတွေးမှား အမြင်မှား၊ အမှားသာများ၍ နှောင်းသွားလျှင် နောင်တတရားသာ ရတတ်သည်၏နောက်တွင် အခြားမရှိသည်ကို မိဘဆရာသမားများ အထူးသတိချပ်သင့်ပါသည်။**

ငယ်စဉ်အခါ ပညာကို သင်ခွင့်ရ၊ အသုံးချခွင့်လည်းရပြီး အတွေ့အကြုံကြွယ်ဝသူတို့ကား သုံးသပ်ဆင်ခြင်မှု အားကောင်းကြသည်၊ အမှားအမှန်ကို ခွဲခြားသိမြင်ပြီး အကောင်းအဆိုးလည်း ဝေဖန်ပိုင်းခြားနိုင်ကြသည်။ ဆိုဆုံးမရလွယ်ကူပြီး မိဘဆရာသမားကို ရိုသေလေးစားဂါဝရမြဲ၍ ကျေးဇူးရှင်များအဖြစ် မြင်ကြသည်။ ဘာသာတရား အဆုံးအမတွင် ပျော်မွေ့ပြီး ကုသိုလ်အကုသိုလ်ယှဉ်၍ ခွဲခြားသိနားလည်စွမ်းရှိကာ ကံလည်း ကောင်းတတ်ကြသည်၊ ယဉ်ကျေးမှုကို လွယ်လွယ်ကူကူ အတိုက်စားမခံဘဲ ပတ်ဝန်းကျင်၏ ရိုက်ခတ်မှု နည်းနိုင်သမျှနည်းအောင် နေနိုင်ကြသည်။ ကိုယ်ပိုင်ဆင်ခြင်ဉာဏ်ကြောင့် အစွန်းနှစ်ပါးလွတ်အောင် ရှောင်နိုင်ပြီး အလယ်အလတ်မှာ မျှတအောင် နေတတ်သည်မှာ ပညာရှင်၏ သဘောပင်ဖြစ်သည်။

## ကိုယ်ကျင့်တရားအခြေခံသော ပညာသည်သာ The wisdom ဖြစ်ပါမည်

လောကမှာ လူသားတွေ အမြတ်နိုးဆုံးအရာ၊ လူ့အဖွဲ့အစည်းကြီးက အလိုချင်ဆုံးအရာကို ပြပါဆိုလျှင် ကိုယ်ကျင့်သီလနှင့် ယှဉ်သော ပညာကိုသာ ပြရပေလိမ့်မည်။ ဤနှစ်ပါးကသာ လူ့ဂုဏ်သိက္ခာနှင့် လူ့တန်ဖိုးအပြင် လောကကြီးတစ်ခုလုံးကိုပါ ထိန်းကျောင်းနိုင်၍ ဖြစ်သည်။ သီလ၏ တန်ဖိုးနှင့် သီလပျက်ခြင်း၏ ဆိုးကျိုးကို ပညာကသာ ပြဋ္ဌာန်းနိုင်ပြီး သီလကိုအခြေခံပါမှလည်း ပညာသည်မြင့်သည်ထက် မြင့်လာမည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

> ❖ **ယနေ့ခေတ်လူငယ်လူရွယ်များကို ကောင်းစေလို၍ ဆုံးမပဲ့ပြင် လမ်းညွှန်နိုင်စွမ်းများသူမှာ မိဘဆရာသမားများသာဖြစ်သည်ကို အနီးစပ်ဆုံး တွေ့ရသည်။ အချိန်ရှိခိုက် စာသင်ခန်းနှင့်ဝေးသော ကလေးများသည် ပညာရှိနှင့်လည်း ဝေးရပြီး ပညာတတ်များထံမှလည်း ပညာသင်ကြားခွင့်မရ၊ ပြောဆိုအဆုံးအမကိုလည်း နားမဝင် နာခံခွင့်မရ နစ်နာလွန်းလှသည်။ ပညာရှင်နှင့် မနီးစပ်သောကလေးသည်ကား အမှားအမှန် မခွဲခြားတတ်၊ အတွေးမှား အမြင်မှား၊ အမှားသာများ၍ နှောင်းသွားလျှင် နောင်တတရားသာ ရတတ်သည်၏နောက်တွင် အခြားမရှိသည်ကို မိဘဆရာသမားများ အထူးသတိချပ်သင့်ပါသည်**

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် ၉ ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင် အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာသင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချီးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ/ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ/ ဆရာမများအနေဖြင့် နိုင်ငံသား မျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများ ဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ပန်းတောင်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုမြင့်မားရေး ပညာပေးဆွေးနွေး



**ပန်းတောင်း မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျေးရွာအရောက်ကွင်းဆင်း၍ ပြည်သူများနှင့်တွေ့ဆုံပြီး အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာ မေ ၁၆ ရက်က ဇရပ်လှကျေးရွာအုပ်စုနှင့် ရပ်သာကျေးရွာအုပ်စုတို့သို့ သွားရောက်၍ ပညာပေးဆွေးနွေးသည်။

ဆွေးနွေးပွဲများတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ တိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှု မြင့်မားရေးတို့နှင့် သက်ဆိုင်သည့် အချက်အလက်များကို ပြည်သူများအား အသိပညာပေး ဟောပြော၍ ပြည်သူများ သိရှိလိုသည့် မေးမြန်းမှု များကိုလည်း ပြန်လည်ဖြေကြားခဲ့သည်။

**အောင်မြင့် (ပန်းတောင်း)**

*စာမျက်နှာ ၁၀ မှ*

❑ **Educated အပေါ်မှာ ဆင်ခြင်တုံတရားကို အခြေခံသည့် အထက်ပါ ဆောင်ရန်ရှောင်ရန်သဘောများကို ပေါင်းစပ်လိုက်သည့်အခါ ရလာမည့် wisdom "ပညာရှိ စဉ်းစားဉာဏ်" ကို ပညာတန်ဖိုးနားလည်သည့် မိဘကောင်း ဆရာသမားကောင်းတို့ကသာ လမ်းညွှန်ပြသပေးနိုင်ပြီး ပညာယူလိုစိတ်ရှိသည့် တပည့်သားသမီးများကသာ အကျိုးရှိရှိ ရယူနိုင် ပါလိမ့်မည်။ အမှန်မူလကတည်းကပင် လောကမှာ လုပ်သင့်တာနဲ့ မလုပ်သင့်တာ၊ ရှောင်သင့်တာနဲ့ ဆောင်သင့်တာ နှစ်မျိုးပဲရှိသည်ဖြစ်၍ ဒီနှစ်မျိုးကိုပဲ ခွဲခြားသိမြင်ပြီး မလုပ်သင့်တာကိုမလုပ်ဘဲ လုပ်သင့်တာကို လုပ်နိုင်ပြီဆိုလျှင် ပညာတတ်အဆင့်မှ ပညာရှင်အဆင့်အထိ ရောက်ပါပြီ။ မိဘဆရာသမားကလည်း ကျောက်အရိုင်းတုံးကို အရောင်တင်ပေးတတ်ရန်နှင့် သားသမီးတပည့်များကလည်း အရောင်တင်ပြီး အဖိုးတန်ကျောက်မျက် ဖြစ်အောင် ရယူထိန်းသိမ်းတတ်ရန် ဖြစ်ပါသည်**

ကိုယ်ကျင့်တရားပါသော ပညာကသာ ယခုဘဝရော၊ နောင်ဘဝရော တစ်သက်လုံးအတွက်ပါ အာမခံချက်ရှိပါသည်။ ရာထူးဂုဏ်သိမ် စည်းစိမ်ဥစ္စာဟူသည် မျက်စိနှစ်လုံး မပိတ်မီ ရေတိုအတွက်သာဖြစ်၍ ကြာကြာမနေ။ သီလနှင့်တွဲနေသော ပညာတန်ဖိုးဟူသည် ဆုတ်ယုတ်ကျဆင်းသွားသည် မရှိ၊ ထို့ကြောင့် ကျောင်းတွေ၊ တက္ကသိုလ်တွေဆိုတာ ထို့အတွက်ပဲ ရှိနေရခြင်းဖြစ်သည်။ ကျောင်းတွေက သင်ပေးလိုက်သော ပညာဗဟုသုတကို ကိုယ်ကျင့်တရားနှင့် တွဲဖက်လိုက်မှသာ ကျွန်တော်တို့ ပြောဆိုသုံးနှုန်းနေသော The wisdom ဟူ၍ ဖြစ်ပေမည်။

ကျွန်တော်တို့ရဲ့ သားသမီးအရွယ် လူငယ်လူရွယ်အများစုအနေဖြင့် Educated ဘဝကို ခံယူချင်ကြသူချည်းသာဖြစ်မည်ဟု ယူဆပါသည်။ လူငယ်တိုင်းဘဝကို တိုးတက်ချင်ကြမည်သာ ဖြစ်သည်။ သို့ဆိုလျှင် ကိုယ့်ကိုယ်ကိုယ် ပညာနှင့်ဝေးပြီး ကိုယ့်ဘဝကို လူညွှန့်တုံး မခံသင့်ကြပေ။ ထို့ကြောင့် အစဉ်အမြဲ educated ဖြစ်နေအောင် ကြိုးစားနေသင့်သည်။ အမြဲသင်ယူနေရမည်၊ အစဉ်မှတ်သားနေရမည်။ သင်ယူမှတ်သားသည့်အတိုင်း လက်တွေ့လိုက်နာဆောင်ရွက်နေရမည်ဖြစ်သည်။ ဘယ်လောက်ပဲ စာမေးပွဲအောင်အောင်၊ ဘယ်လိုပဲ ဘွဲ့ရဘွဲ့ရ လက်တွေ့မဆောင်ရွက်က လောကကြီးအတွက် အချည်းနှီးပင်ဖြစ်သည်မှာ ပညာ၏ သဘောပင်ဖြစ်သည်။

## ပေးတတ်ယူတတ်မှသာ ပညာအပေါ် ပညာဆင့်နိုင်ပါမည်

ဤတွင် မိဘဆရာသမားကောင်းတွေအနေဖြင့် မိမိတို့ တပည့်၊ သားသမီး၊ နောက်လိုက် နောက်ပါများကို အမြဲပြောဆိုဆုံးမတတ်သည့် သတိပေးချက်လေးတစ်ခုကို ထောက်ပြချင်သည်။ "လုပ်သင့်တာလုပ်ဖို့နှင့် မလုပ်သင့်တာကို မလုပ်ဖို့"၊ "မှန်တာကို လုပ်ဖို့နှင့် မှားတာကိုမလုပ်မိစေဖို့"၊ "လုပ်ပြီးအကျိုးအပြစ်ကို စဉ်းစားတတ်ဖို့" နှင့် "အစွန်းနှစ်ပါးကို ရှောင်တတ်ဖို့"ပဲ ဖြစ်သည်။

**Educated** အပေါ်မှာ ဆင်ခြင်တုံတရားကို အခြေခံသည့် အထက်ပါ ဆောင်ရန် ရှောင်ရန် သဘောများကို ပေါင်းစပ်လိုက်သည့်အခါ ရလာမည့် **wisdom** "ပညာရှိ စဉ်းစားဉာဏ်" ကို ပညာတန်ဖိုး နားလည်သည့် မိဘကောင်း ဆရာသမားကောင်း တို့ကသာ လမ်းညွှန်ပြသပေးနိုင်ပြီး ပညာယူလိုစိတ်ရှိသည့် တပည့်သားသမီးများကသာ အကျိုးရှိရှိ ရယူနိုင်ပါလိမ့်မည်။ အမှန်မူလကတည်းကပင် လောကမှာ လုပ်သင့်တာနဲ့ မလုပ်သင့်တာ၊ ရှောင်သင့်တာနဲ့ ဆောင်သင့်တာ နှစ်မျိုးပဲရှိသည်ဖြစ်၍ ဒီနှစ်မျိုးကိုပဲ ခွဲခြားသိမြင်ပြီး မလုပ်သင့်တာကို မလုပ်ဘဲ လုပ်သင့်တာကို လုပ်နိုင်ပြီဆိုလျှင် ပညာတတ်အဆင့်မှ ပညာရှင်အဆင့်အထိ ရောက်ပါပြီ။ မိဘဆရာသမားကလည်း ကျောက်အရိုင်းတုံးကို အရောင်တင်ပေးတတ်ရန်နှင့် သားသမီးတပည့်များကလည်း အရောင်တင်ပြီး အဖိုးတန်ကျောက်မျက် ဖြစ်အောင် ရယူထိန်းသိမ်းတတ်ရန် ဖြစ်ပါသည်။

## ကိုယ်စီတာဝန်ရှိကြသည်

ပညာ၏တန်ဖိုးကား ကြီးမားများပြားလွန်းလှသည်။ ထို့ကြောင့်လည်း ဤဆောင်းပါးမှာ ပညာပန်းခင်းထဲက ပန်းများအားလုံး ပွင့်လန်းဖြာဝေ တင့်တယ်ကြရန်ရည်ရွယ်၍ ပညာ၏ တန်ဖိုးကို ဖော်ကျူးထားခြင်းဖြစ်သည်။ ပညာတန်ဖိုးသိမှလည်း ပန်းတိုင်းပွင့်အောင်၊ ပွင့်သော ပန်းတိုင်း လန်းအောင် လုပ်နိုင်ကြမည်ဟု ယုံကြည်၍ဖြစ်သည်။ အားလုံးတွင် တာဝန်ကိုယ်စီရှိပြီး တာဝန်ကျေပွန်ကြရန်သာ လိုပါသည်။ နိုင်ငံတော်က ဖန်တီးထားသော လယ်ယာမြေကောင်းတစ်ခုပေါ်တွင် မိမိတို့၏ အနာဂတ်မျိုးဆက် မျိုးစေ့မှန်သမျှကို အကောင်းဆုံး ပျိုးကြဲစိုက်ပျိုးပေးဖို့က မိဘ ဆရာ ဆရာမများ၏ တာဝန်၊ သဘာဝဘေးဒဏ်နှင့် အခက်အခဲပေါင်းစုံကို အကောင်းဆုံးတုံ့ပြန်ပြီး ရုန်းကန်လှုပ်ရှား အပင်သန်ဖို့က ကျောင်းသား၏ တာဝန်၊ စိုက်ပျိုးရန် လယ်ယာမြေဖန်တီးပေးဖို့၊ မျိုးကောင်းရဖို့၊ လုံလုံခြုံခြုံ စိုက်ပျိုးနိုင်ဖို့၊ ထွက်လာသည့် သီးနှံများကို လိုအပ်သလို ထိထိရောက်ရောက် ဖြန့်ဖြူးနိုင်ဖို့က နိုင်ငံတော်၏တာဝန် စသည်စသည်ဖြင့် ကိုယ်စီယူရမည့် တာဝန်များရှိနေသည်ဟု ခံယူထားရပါမည်။

အရေးကြီးဆုံးက မြဲမြံစွာဆုပ်ကိုင်ထားရမည့် အောင်မြင်ခြင်း အကြောင်းတရားများပင်ဖြစ်သည်။ ပညာတတ်ဖြစ်ဖို့ရန် သိချင်တတ်ချင်လွန်းတဲ့ ဆန္ဒ၊ ဆန္ဒရှိတဲ့အတိုင်း ကြိုးစားအားထုတ်လိုတဲ့ ဝီရိယ၊ အခက်အခဲမှန်သမျှ အောင်မြင်ကျော်လွှားနိုင်ရမယ်ဆိုတဲ့ ကြံ့ခိုင်တဲ့စိတ်ဓာတ်၊ အခက်အခဲကို ဘယ်လိုဖြေရှင်းရမယ်ဆိုတဲ့ ဆင်ခြင်သုံးသပ်တတ်တဲ့ ပညာ၊ ဒီတရားတွေထဲမှာမှ ပြင်းပြတဲ့ ဆန္ဒဆိုသည့် တရားတစ်ခုက ပိုပြီးအရေးကြီးဆုံး မဟုတ်ပါလား...။

ယနေ့ကာလလို လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်နေသည့်အချိန်မှာ ပညာတတ်များ ပေါ်များလာရန် အားလုံးတွင် တာဝန်ရှိနေပါသည်။ ထို့ကြောင့် မိမိတို့ ပြုစုပျိုးထောင်နေသော ပညာရေးပျိုးခင်းထဲက ပန်းကလေးတွေအားလုံး လန်းဆန်းဝေဖြာနိုင်ကြပါစေဟူ၍သာ စေတနာအား မေတ္တာထား၍ ဆန္ဒမွန်တစ်ခုပြုလိုက်ရပါသည်။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၇၅ | ၂၂၆၅ | ၂၂၄၀ | ၂၃၃၅ | ၂၃၅၀ | ၂၂၄၅ | ၂၂၅၅ | ၂၂၉၀ | ၂၂၉၀ | ၂၂၉၅ | ၂၅၁၅ | ၂၄၃၀ |
| 95 Ron | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၃၅ | ၂၃၁၅ | ၂၄၀၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၅ | ၂၃၆၅ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၆၅ | ၂၂၆၀ | ၂၂၃၀ | ၂၃၄၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၀၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၆၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၃၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၆၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၃၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၈၁ |
| 95 Ron | ၂၁၇၅ | ၂၂၅၂ |
| HSD (500 ppm) | ၂၀၉၄ | ၂၁၆၅ |
| HSD (50 ppm) | ၂၁၂၂ | ၂၁၉၄ |
| HSD (10 ppm) | ၂၁၂၂ | ၂၁၉၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ဆေးအလုံး ငါးသန်း doses နှင့် ဆေးထိုးအပ် နှစ်သန်းရောက်ရှိ

**ရန်ကုန် မေ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ဆေးအလုံး ၁၀ သန်း doses နှင့် ဆေးထိုးအပ် ၁၃ ဒသမ ၀၅၆ သန်းကို လှူဒါန်းမည်ဖြစ်ရာ ယနေ့ နံနက်ပိုင်းတွင် ပထမအသုတ်အနေဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ Sichun Airline ဖြင့် Sinopharm ဆေးအလုံး ငါးသန်း doses နှင့် ဆေးထိုးအပ် နှစ်သန်း ရောက်ရှိသည်။ (ယာပုံ)



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor Mr. Tan Shufu နှင့် သံရုံးမှ တာဝန်ရှိသူများကပေးအပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဒေါက်တာရဲမင်းထွေးနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအတွက် ဆေးထိုးအပ် ငါးသန်းကို မေ ၁၉ ရက်တွင်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ငါးသန်းနှင့် ဆေးထိုးအပ်များကို မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင်လည်းကောင်း ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ပြီး ပေးပို့လှူဒါန်းသော Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ထားရှိ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မြေပြင်ခရီးလမ်းကြောင်းနှင့် တပ်မတော်(လေ)နှင့် မြန်မာ့လေကြောင်း၏ အကူအညီဖြင့် အအေးလမ်းကြောင်းမပျက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ -ကနူး**

## ဆောက်သမ်တန်ကို အနိုင်ရပြီး ဖလားဆွတ်ခူးရေးမျှော်လင့်ချက် ဆက်လက်ရှင်သန်လာခဲ့သည့် လီဗာပူး

ပရီမီယာလိဂ်ပွဲစဉ် (၃၇) မှ ဆောက်သမ်တန်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို မေ ၁၈ ရက် နံနက်ပိုင်းက ဆောက်သမ်တန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဖလား ဆွတ်ခူးရေးမျှော်လင့်ချက် ဆက်လက်ရှင်သန်လာခဲ့သည်။

လီဗာပူးအသင်းသည် ပွဲစသည်နှင့်တစ်ပြိုင်နက် ဆောက်သမ်တန်အသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၁၃ မိနစ်တွင် ရက်မွန်၏ သွင်းဂိုးကို ခွင့်ပြုပေးခဲ့ရသည်။ သို့သော်လည်း မီနာမီနိုက ပွဲချိန် ၂၇ မိနစ်တွင် လီဗာပူးအသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ပွဲကြည့်ပရိသတ် သုံးသောင်းတစ်ထောင်ကျော် လာရောက်ကြည့်ရှုသည့် အဆိုပါပွဲစဉ်၌ လီဗာပူးအသင်းသည် ဆောက်သမ်တန်အသင်းကို ဂိုးကန်သွင်းခွင့် ၂၄ ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု ငါးကြိမ်ရှိပြီး ဆောက်သမ်တန်က ဂိုးကန်သွင်းမှု လေးကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု နှစ်ကြိမ်သာ ရှိခဲ့သည်။ လီဗာပူးအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၆၇ မိနစ်တွင် ရရှိခဲ့ပြီး မာတစ်က သွင်းယူပေးခဲ့သည်။

ဆောက်သမ်တန်အသင်းသည် ရာသီပိတ်ပွဲစဉ်အဖြစ် လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး လီဗာပူးအသင်းက ဝုဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အောင်ဇော်**

# တရုတ်နိုင်ငံမှ ထပ်မံလှူဒါန်းသော ကိုဗစ်-၁၉ ကာကွယ်ဆေးများ အီကွေဒေါနိုင်ငံ လက်ခံရရှိ

**ကွီတို မေ ၁၈**

အီကွေဒေါနိုင်ငံသည် တရုတ်နိုင်ငံမှ ထပ်မံလှူဒါန်းသော ကိုဗစ်-၁၉ ကာကွယ်ဆေး ၂ ဒသမ ၅ သန်းကို မေ ၁၇ ရက်က လက်ခံရရှိခဲ့ကြောင်း သိရသည်။ အီကွေဒေါ ဒုတိယသမ္မတ အယ်ဖရက်ဒို ဘော်ရီရို၊ နိုင်ငံခြားရေးဝန်ကြီး ဂျူအန် ကားလို့စ် ဟိုဂူအင်၊ ပြည်သူ့ကျန်းမာရေး ဒုတိယဝန်ကြီး မီဂွယ် မော်ရီရာနှင့် အီကွေဒေါနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ဂေါ်ကျိုတို့သည် ကွီတိုရှိ Mariscal Sucre အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသော ကာကွယ်ဆေး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် တရုတ်နိုင်ငံမှ ကာကွယ်ဆေး ၂ ဒသမ ၅ သန်း လက်ခံရရှိပြီဖြစ်ကြောင်း၊ အီကွေဒေါနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရေးအစီအစဉ် အောင်မြင်ရန် ပံ့ပိုးပေးသော တရုတ်နိုင်ငံကို ကျေးဇူးတင်ကြောင်း သမ္မတ ဂွီလ်လာမို လာဆို ကိုယ်စား ဒုတိယသမ္မတဖြစ်သူ ဘော်ရီရိုက ပြောကြားသည်။

ထို့အပြင် တရုတ်နိုင်ငံက လှူဒါန်းသော ထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများကို အသက်သုံးနှစ်နှင့် ငါးနှစ်ကြား ကလေးငယ်များကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ကားလို့စ် ဟိုဂူအင်က ပြောကြားသည်။

အီကွေဒေါ အမျိုးသားကာကွယ်ဆေးထိုးနှံရေး အစီအစဉ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီတွင် စတင်ခဲ့ကြောင်း၊ နိုင်ငံ့လူဦးရေ ၁၃ ဒသမ ၉ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း အီကွေဒေါကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**



# ဘရာဇီးနိုင်ငံတွင် ကားနှစ်စီးမျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားပြီး ၁၁ ဦး သေဆုံး

**ရီယိုဒီဂျနေးရိုး မေ ၁၈**



ဘရာဇီးနိုင်ငံ အနောက်အလယ်ပိုင်း မာတိုဂရော့ဆိုပြည်နယ်တွင် ဘတ်စ်ကားတစ်စီးနှင့် ဗင်ကားတစ်စီး မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံး ၁၁ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အဝေးပြေးလမ်းမကြီး ရဲတပ်ဖွဲ့က မေ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ကနဦး စုံစမ်းစစ်ဆေးချက်အရ မာတိုဂရော့ဆိုပြည်နယ် မြောက်ပိုင်း ဆော်ရီဆိုမြို့တွင် အဆိုပါကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ဘတ်စ်ကားမောင်းသူမှာ ယာဉ်မောင်းနှင်မှု ပေါ့ဆသွားသည့်အတွက် ထိုကဲ့သို့ မျက်နှာချင်းဆိုင်ယာဉ်တိုက်မှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း အေဂျင်စီက ပြည်တွင်းသတင်းဌာနသို့ ပြောကြားသည်။ ကီလိုမီတာ ၅၀၀ ခန့်ဝေးသည့် ဆီးနော့မြို့သို့သွားသော ဘတ်စ်ကားပေါ်တွင် ခရီးသည် ၄၅ ဦး လိုက်ပါလာကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ဘတ်စ်ကားမောင်းသူမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိပြီး ဗင်ကားမောင်းသူမှာ အနည်းငယ်သာ ဒဏ်ရာရရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဩစတြီးယားနိုင်ငံသည် နှစ်ပေါင်း ၄၀ ကျော်အတွင်း ငွေကြေးဖောင်းပွမှု အမြင့်ဆုံးရောက်ရှိ

**ဗီယင်နာ မေ ၁၈**

ဩစတြီးယားနိုင်ငံ၏ တစ်နှစ်ထက်တစ်နှစ် ငွေကြေးဖောင်းပွမှုနှုန်းသည် ယခုနှစ် ဧပြီလတွင် ၇ ဒသမ ၂ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီး ၁၉၈၁ ခုနှစ် အောက်တိုဘာလနောက်ပိုင်း အမြင့်ဆုံး မှတ်တမ်းတင်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း မေ ၁၈ ရက်တွင် ဩစတြီးယားစာရင်းအင်းဌာနက ပြောကြားသည်။

ထို့အပြင် ဧပြီလတွင် ငွေကြေးဖောင်းပွမှု ၀ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်းသည် မတ်လကထက် ပိုမိုမြင့်တက်လာကြောင်း သိရသည်။ စားသောက်ကုန်ဈေးနှုန်း မြင့်တက်မှုအပါအဝင် လောင်စာဆီနှင့် စွမ်းအင်ထုတ်ကုန်ဈေးနှုန်း မြင့်တက်လာခြင်းသည် ငွေကြေးဖောင်းပွမှု မြင့်တက်ခြင်း၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း ဩစတြီးယားစာရင်းအင်းဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တိုဘီးယပ်စ် သောမတ်စ်က ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံ၏ အမြင့်ဆုံးသစ်ပင်ကို တိဘက်တွင် ရှာဖွေတွေ့ရှိ

**ပေကျင်း မေ ၁၈**

၈၃ ဒသမ ၂ မီတာအမြင့်ရှိသော သစ်ပင်တစ်ပင်ကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဗာယုကောင်တီတွင် မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါသစ်ပင်သည် တရုတ်နိုင်ငံတွင် အမြင့်ဆုံးသစ်ပင်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း တရုတ်သိပ္ပံအကယ်ဒမီက ပြောကြားသည်။

အဆိုပါ ရှာဖွေတွေ့ရှိမှုသည် ချင်ဟိုင်း-တိဘက်ကုန်းပြင်မြင့်မှ တရုတ်နိုင်ငံ၏ ဒုတိယမြောက် သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနလေ့လာဆန်းစစ်မှု၏ ရှာဖွေတွေ့ရှိမှုအသစ်တစ်ခုဖြစ်ကြောင်း သိရသည်။ စံချိန်တင်တွေ့ရှိခဲ့သော အဆိုပါသစ်ပင်၏ အမြင့်သည် တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မီဒေါ့ကောင်တီတွင် မကြာသေးမီက ရှာဖွေတွေ့ရှိသော သစ်ပင်၏အမြင့်ထက် ကျော်လွန်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

❖ တောင်ကိုရီးယားနိုင်ငံသည် မေ ၁၇ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၃၅၂ ဦး တွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၇၈၆၁၇၄၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှုပမာဏသည် လွန်ခဲ့သောရက်ကထက် ၃၅၁၁၇ ဦး လျော့နည်းခဲ့သည်။ ထို့အပြင် အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူနေရသူ ၃၁၃ ဦး ရှိပြီး လွန်ခဲ့သောရက်ကထက် လူ ၂၀ လျော့နည်းခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၁ ဦးရှိလာသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်း ၂၃၈၀၂ ဦးအထိ ရောက်ရှိလာပြီ ဖြစ်သည်။



❖ မလေးရှားနိုင်ငံတွင် မေ ၁၇ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၆၉ ဦး ထပ်မံတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၈၁၂၇၈ ဦးအထိ ရောက်ရှိလာပြီဖြစ်သည်။ အဆိုပါ ကူးစက်ခံရသူများအနက် သုံးဦးမှာ ပြည်ပပြန်ကူးစက်မှုများဖြစ်ပြီး ၁၄၆၆ ဦးမှာ ပြည်တွင်းကူးစက်မှုများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြသော အချက်အလက်များအရ သိရသည်။ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ သုံးဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်း ၃၅၆၂၃ ဦးအထိ ရောက်ရှိလာပြီဖြစ်သည်။ ထို့အပြင် ဆေးရုံမှဆင်းခွင့်ရရှိသူ ၁၈၃၆ ဦး ရှိသည့်အတွက် ဆေးဝါးကုသမှုခံယူပြီး ဆေးရုံမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၄၄၁၅၁၄၆ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။

❖ နယူးဇီလန်နိုင်ငံတွင် မေ ၁၈ ရက်က ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၂ ဦးနှင့် ရောဂါကူးစက်ခံရသူ ၉၅၇၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအနက် ၃၂၉၇ ဦးမှာ နိုင်ငံ၏ အကြီးဆုံးမြို့တော်ဖြစ်သည့် အော့ကလန်မှဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူ ကိုးဦးအပါအဝင် ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေရသည့် လူနာ ၄၂၅ ဦးရှိကြောင်း သိရသည်။ နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၆၆၀၆၂ ဦး ရှိလာပြီဖြစ်ဖြစ်သည်။

❖ ဗီယက်နမ်နိုင်ငံသည် မေ ၁၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၃၁ ဦး ထပ်မံတွေ့ရှိပြီး မေ ၁၇ ရက်ကထက် ၄၅ ဦး မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ ကူးစက်ခံရသူများအနက် တစ်ဦးသာ ပြည်ပပြန်ကူးစက်မှုဖြစ်ပြီး ကျန်သောသူများမှာ ပြည်တွင်းကူးစက်မှုများဖြစ်ကြောင်း သိရသည်။ အဆိုပါ ကူးစက်ခံရသူများအနက် ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဟနွိုင်းတွင် ကူးစက်ခံရသူ ၄၀၃ ဦး ထပ်မံတွေ့ရှိသည့်အတွက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အချက်အချာနေရာအဖြစ် ရှိနေသေးသည်။

# အင်္ဂါဂြိုဟ်ပေါ်မှာ ရေရှိကြောင်း တရုတ်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြ

ထူးလင်းမိုး



တရုတ်နိုင်ငံရဲ့ ပထမဆုံး အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် ဇူရောင်းကိုတွေ့ရစဉ်။

တရုတ်သိပ္ပံပညာရှင်တွေဟာ အင်္ဂါဂြိုဟ်ပေါ်မှာ အရင်က ရေတွေ့ရှိခဲ့တယ်ဆိုတဲ့ စူးစမ်းလေ့လာတွေ့ရှိမှုနဲ့ ပတ်သက်ပြီး သက်သေအထောက်အထားသစ်ကို ရှာဖွေတွေ့ရှိခဲ့ကြပါတယ်။ အနီရောင်ဂြိုဟ်ပေါ်မှာ ရေဓာတ်ပါဝင်တဲ့ ကျောက်တုံးကျောက်ခဲတွေ ရှိပါတယ်။ အဲဒါကို အင်္ဂါဂြိုဟ်လေ့လာရေးခရီးစဉ်အတွင်းမှာ တွေ့ရှိခဲ့တာဖြစ်ပါတယ်။

### ရေတွေ့ရှိခဲ့တာကို ဖော်ထုတ်ခဲ့

သိပ္ပံတိုးတက်ဖြစ်ထွန်းမှု ဂျာနယ်တစ်ခုဖြစ်တဲ့ Science Advances မှာ ဖော်ပြခဲ့တဲ့ အဲဒီလေ့လာတွေ့ရှိချက်က လွန်ခဲ့တဲ့ နှစ်ပေါင်း ၁ ဒသမ ၈ ဘီလီယံအတွင်းမှာ အင်္ဂါဂြိုဟ်ပေါ်မှာရှိတဲ့ ကြီးမားတဲ့ချိုင့်ဝှမ်းမှာ ရေပါဝင်တာကို ဖော်ထုတ်ခဲ့ပါတယ်။

အရင်ထင်ထားတဲ့ အချိန်ကထက် ပိုပြီးရှေးကျတဲ့ ကာလကတည်းက အင်္ဂါဂြိုဟ်ပေါ်မှာ ရေရှိခဲ့တယ်ဆိုတာကို ဒီတွေ့ရှိချက်က ဖော်ပြထားပါတယ်။

### ထူးခြားတဲ့သွင်ပြင် လက္ခဏာတွေကို ရယူ

ဒါ့အပြင် အင်္ဂါဂြိုဟ်မှာ ရေကို ရေဓာတ်ပါဝင်တဲ့ ကျောက်တုံးကျောက်ခဲတွေအဖြစ် စုစည်းသိုလှောင်ထားနိုင်သလို မြေအောက်ရေခဲပုံစံမျိုးလည်း သိုလှောင်ထားနိုင်ကြောင်း ဒီလေ့လာတွေ့ရှိမှုက ညွှန်ပြထားပါတယ်။

တရုတ်သိပ္ပံအကယ်ဒမီလက်အောက်ရှိ အမျိုးသားအာကာသသိပ္ပံဌာနက ဦးဆောင်တဲ့ သုတေသနပညာရှင်တွေဟာ တရုတ်အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်က ရရှိခဲ့တဲ့ သတင်းအချက်အလက်တွေကို အသုံးပြုခဲ့ကြပါတယ်။ အဲဒီလေ့လာရေးယာဉ်ဟာ အင်္ဂါဂြိုဟ်ရဲ့ မြောက်ပိုင်းအခြမ်းကျယ်ပြန့်တဲ့ အပိုင်းဖြစ်တဲ့ Utopia Planitia ရဲ့ တောင်ပိုင်းမှာရှိတဲ့ နမူနာအနည်တွေနဲ့ ရေဓာတ်ပါဝင်တဲ့ ကျောက်စိုင်ကျောက်ခဲတွေရဲ့ ထူးခြားတဲ့ သွင်ပြင်လက္ခဏာကို ရယူခဲ့ပါတယ်။

### စူးစမ်းလေ့လာခဲ့

အင်္ဂါဂြိုဟ်လေ့လာစူးစမ်းရေးယာဉ်ဖြစ်တဲ့ ဇူရောင်းကင်မရာက များပြားလှတဲ့ အရည်ပမာဏကြောင့် ကျောက်ပန်းဆွဲလိုဖြစ်ပေါ်နေတဲ့ သို့မဟုတ် မြေအောက်ရေ မြင့်တက်မှုကြောင့် သော်လည်းကောင်း၊ မြေအောက်ရေခဲပြင် အရည်ပျော်၍ သော်လည်းကောင်း ဖြစ်ပေါ်လာတဲ့ duricrust အလွှာအဖြစ် ဖမ်းယူရရှိခဲ့တဲ့ ထွန်းလင်းတောက်ပပြီး အလွန်ကြီးမားတဲ့ ကျောက်စိုင်ကျောက်တုံးတွေကို သုတေသနပညာရှင်တွေက စူးစမ်းလေ့လာခဲ့တာဖြစ်ပါတယ်။ အဲဒီဆာလဖိတ်မင်နရယ် အစိုင်အခဲတွေဟာ တခြားအင်္ဂါဂြိုဟ်သွားယာဉ်က လေ့လာတွေ့ရှိခဲ့တဲ့ အရာတွေထက် ပိုပါးလွှာပြီး ဖွဲ့စည်းပုံလည်း အားနည်းပါတယ်။

### သက်သေပြနိုင်ဖို့ ကြိုးစားခဲ့ကြ

မတ်လက Nature Geoscience မှာ ဖော်ပြခဲ့တဲ့ တခြားတရုတ်လေ့လာမှုတစ်ခုမှာတော့ ဇူရောင်းရောက်ရှိခဲ့တဲ့ နေရာဟာ လေနဲ့ရေတို့ရဲ့ တိုက်စားခြင်းကို ခံရတဲ့နေရာဖြစ်မယ်လို့ သုံးသပ်ဖော်ပြထားပါတယ်။

နှစ်ပေါင်းများစွာကြာအောင် သိပ္ပံပညာရှင်တွေဟာ အင်္ဂါဂြိုဟ်ပေါ်မှာ ရေရှိကြောင်းကို သက်သေပြနိုင်ဖို့ ကြိုးစားခဲ့ကြပါတယ်။ တရုတ်နိုင်ငံရဲ့ အင်္ဂါဂြိုဟ်သွားယာဉ်ဟာ အနီရောင်ဂြိုဟ်ကြီးလို့ တင်စားခေါ်ဝေါ်ရမယ့် အင်္ဂါဂြိုဟ်မှာ ရေရှိတယ်ဆိုတဲ့အကြောင်း ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အင်္ဂါဂြိုဟ်ပေါ်မှာ ရေရှိတာဟာ သိပ္ပံပညာရှင်တွေ မထင်ထားတဲ့ အချိန်ကတည်းက ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၇၀၀ လောက်ကတည်းက ရေဟာ အေးပြီးခြောက်သွေ့နေတဲ့ ဂြိုဟ်ကြီးပေါ်မှာ တည်ရှိခဲ့ကြောင်းကို လေ့လာတွေ့မှုအသစ်မှာ ဖော်ပြထားပါတယ်။

### အခုချိန်ထိ တည်ရှိခဲ့

ဆိုလိုတာကတော့ အင်္ဂါဂြိုဟ်ပေါ်မှာ ရေတွေဟာ Amazonian ခေတ်ကာလကတည်းက အခုအချိန်အထိ တည်ရှိခဲ့တာ ဖြစ်ပါတယ်။

သိပ္ပံပညာရှင်တွေဟာ ဟက်စပီရီယန်ကာလ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဘီလီယံခန့်ကတည်းက အင်္ဂါဂြိုဟ်ပေါ်မှာ ရေရှိခဲ့တယ်ဆိုတာကို ယုံကြည်ခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ ရေတွေ အခြောက်အခြား ဆုံးရှုံးခဲ့ပါတယ်။

အခု နောက်ဆုံးတွေ့ရှိချက်အရ အင်္ဂါဂြိုဟ်နဲ့ပတ်သက်ပြီး နောက်ထပ်အချက်အလက်သစ်တွေကို ပိုမိုသိရှိလာခဲ့ပါတော့တယ်။

### ဆက်လက် လည်ပတ်လှုပ်ရှားနေဦးမယ်

အင်္ဂါဂြိုဟ်ရဲ့ ရာသီဥတုဟာ အေးပြီးခြောက်သွေ့ပါတယ်။ အရည်လည်ပတ်လှုပ်ရှားမှုဟာလည်း ကန့်သတ်ချက်တွေရှိပါတယ်။ အင်္ဂါဂြိုဟ်ပေါ်မှာရှိတဲ့ ရေပါဝင်တဲ့ ကျောက်စိုင်ကျောက်ခဲတွေကို အင်္ဂါဂြိုဟ်သွားယာဉ်က လှိုင်းတိုအနီအောက်ရောင်ခြည်နဲ့ ရှာဖွေတွေ့ရှိခဲ့တာဖြစ်ပါတယ်။

ဇူရောင်း အင်္ဂါဂြိုဟ်သွားယာဉ်ဟာ အခုအချိန်အထိ အင်္ဂါဂြိုဟ်ပေါ်မှာ တစ်နှစ်ကြာ ရောက်ရှိနေခဲ့ကြောင်း သိရပါတယ်။ အင်္ဂါဂြိုဟ်ရဲ့ မျက်နှာပြင်ပေါ်မီတာ ၂၀၀၀ နီးပါး သွားလာပြီးပြီဖြစ်တယ်လို့ သိရပါတယ်။

အင်္ဂါဂြိုဟ်ဟာ အရင်တုန်းက နွေးထွေးပြီး စိုစွတ်တဲ့ ဂြိုဟ်တစ်ခုဖြစ်ခဲ့ပါတယ်။ သို့သော်လည်း နှစ်ကာလအတော်ကြာ ပြောင်းလဲသွားပြီးနောက်မှာတော့ အင်္ဂါဂြိုဟ်ဟာ ခြောက်သွေ့အေးမြတဲ့ ဂြိုဟ်ကြီးတစ်လုံးဖြစ်လာခဲ့ပါတော့တယ်။ အနီရောင်ဂြိုဟ်ကြီးဟာ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဘီလီယံက စတင်ခဲ့တဲ့ Amazonian ကာလမှသည် ယနေ့တိုင် ဆက်လက်လည်ပတ်လှုပ်ရှားနေဦးမှာ ဖြစ်ပါတယ်။

ကိုးကား- ဆင်ဟွာ

❒ နှစ်ပေါင်းများစွာကြာအောင် သိပ္ပံပညာရှင်တွေဟာ အင်္ဂါဂြိုဟ်ပေါ်မှာ ရေရှိကြောင်းကို သက်သေပြနိုင်ဖို့ ကြိုးစားခဲ့ကြပါတယ်။ တရုတ်နိုင်ငံရဲ့ အင်္ဂါဂြိုဟ်သွားယာဉ်ဟာ အနီရောင်ဂြိုဟ်ကြီးလို့ တင်စားခေါ်ဝေါ်ရမယ့် အင်္ဂါဂြိုဟ်မှာ ရေရှိတယ်ဆိုတဲ့အကြောင်း ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အင်္ဂါဂြိုဟ်ပေါ်မှာ ရေရှိတာဟာ သိပ္ပံပညာရှင်တွေ မထင်ထားတဲ့ အချိန်ကတည်းက ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၇၀၀ လောက်ကတည်းက ရေဟာ အေးပြီးခြောက်သွေ့နေတဲ့ ဂြိုဟ်ကြီးပေါ်မှာ တည်ရှိခဲ့

# မေ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀ ဒသမ ၁၅ ရာခိုင်နှုန်းရှိ

**(၁၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက် လျက်ရှိပြီး (၁၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၄၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၁၀,၂၁၃) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၆၁၃,၁၈၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၁၃၀) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၇-၅-၂၀၂၂) ရက်နေ့ အထိ လူဦးရေစုစုပေါင်း (၃၁,၁၆၄,၈၈၅) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ် ထိုးနှံပြီးစီးသူ (၆,၃၆၁,၆၂၉) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၄,၈၀၃,၂၅၆) ဦးနှင့် ထပ်ဆောင်းကာကွယ် ဆေး ထိုးနှံပြီးစီးသူ (၁,၈၂၉,၅၈၈) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၇-၅-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံ တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၅၇,၇၉၇,၇၂၉) ကြိမ် ထိုးနှံပြီးဖြစ်ပါ သည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၉၂) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၉) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၂၃၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၂၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၄၆၄) ခု | (၂) ဦး |
| **စုစုပေါင်း** | **(၉,၆၄၅) ခု** | **(၁၄) ဦး** |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၁၇-၅-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၃၆၁,၆၂၉) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၄,၈၀၃,၂၅၆) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၈၂၉,၅၈၈) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၁,၁၆၄,၈၈၅) ဦး |
| **စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses)** | **(၅၇,၇၉၇,၇၂၉) ကြိမ်** |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ် ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၈-၅-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၄၄၇၃၄၄၇ | ၈၁၃၈၀၇၇၅ | ၁၀၂၇၂၈၅ |
| ၂။ | အိန္ဒိယ | ၄၃၁၂၇၁၉၉ | ၄၂၅၈၇၂၅၉ | ၅၂၄၂၉၃ |
| ၃။ | ဘရာဇီး | ၃၀၇၂၈၂၈၆ | ၂၉၇၂၄၆၈၂ | ၆၆၅၂၇၇ |
| ၄။ | ပြင်သစ် | ၂၉၂၃၃၃၀၉ | ၂၈၃၃၅၅၅၆ | ၁၄၇၅၆၈ |
| ၅။ | ဂျာမနီ | ၂၅၈၉၂၂၅၅ | ၂၄၂၉၉၀၀၀ | ၁၃၈၁၈၃ |
| ၆။ | ဗြိတိန် | ၂၂၂၀၇၁၀၂ | ၂၁၇၃၄၁၉၃ | ၁၇၇၄၁၀ |
| ၇။ | ရုရှား | ၁၈၂၇၃၆၉၀ | ၁၇၆၆၄၆၇၆ | ၃၇၇၉၇၅ |
| ၈။ | တောင်ကိုရီးယား | ၁၇၈၆၁၇၄၄ | ၁၇၂၁၄၁၀၇ | ၂၃၈၀၂ |
| ၉။ | အီတလီ | ၁၇၁၁၆၅၅၀ | ၁၅၉၈၃၆၅၅ | ၁၆၅၄၉၄ |
| ၁၀။ | တူရကီ | ၁၅၀၅၇၁၈၄ | ၁၄၉၅၅၀၀၅ | ၉၈၉၁၁ |

## ၁၈-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၀၁၇၉၆ | ၉၃၇၃၂၉၄ | ၄၃၀၇၂ |
| အင်ဒိုနီးရှား | ၆၀၅၁၅၃၂ | ၅၈၉၁၁၉၀ | ၁၅၆၄၉၈ |
| မလေးရှား | ၄၄၈၁၂၇၈ | ၄၄၁၅၁၄၆ | ၃၅၆၂၃ |
| ထိုင်း | ၄၃၈၈၆၁၀ | ၄၂၉၈၁၃၂ | ၂၉၅၉၈ |
| ဖိလစ်ပိုင် | ၃၆၈၈၂၉၂ | ၃၆၂၅၄၀၇ | ၆၀၄၅၈ |
| စင်ကာပူ | ၁၂၄၇၆၇၁ | ၁၁၇၃၂၁၅ | ၁၃၆၇ |
| မြန်မာ | ၆၁၃၁၈၂ | ၅၉၂၁၃၀ | ၁၉၄၃၄ |
| လာအို | ၂၀၉၅၅၃ | ၂၀၈၃၄၄ | ၇၅၄ |
| ဘရူနိုင်း | ၁၄၅၅၂၁ | ၁၄၃၄၇၇ | ၂၂၁ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၉၈ | ၃၀၅၆ |

# အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု(PPP) ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်ကြပါစို့

ရွှေရည်လင်း




**အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ဘယ်အချိန်က စတင်ခဲ့သလဲ**

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာပါက နှစ်ပေါင်း ၂၀၀၀ ကျော်ခန့်က ရောမအင်ပါယာမှ စတင်ခဲ့ပြီး ရောမသမိုင်း၌ စာတိုက်လုပ်ငန်းကွန်ရက်နှင့် အဝေးပြေးလမ်းများ တိုးချဲ့ခြင်းတို့တွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု စတင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သိုလှောင်ရုံများ၊ အလုပ်ရုံများ၊ ဟိုတယ်များ စသည့်လုပ်ငန်းများကို ပုဂ္ဂလိကက တည်ဆောက်ပြီး ငါးနှစ်တာကာလ စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်ခဲ့ပါသည်။ အဝေးပြေးလမ်းများ ပြင်ဆင်ထိန်းသိမ်းခြင်းများကို ယှဉ်ပြိုင်တင်ဒါစနစ်ဖြင့် မြူနီစီပယ်အဖွဲ့များက လုပ်ငန်းအပ်နှံခဲ့ပါသည်။ ရောမတွင် ဆိပ်ကမ်းနှင့် ကုန်းတွင်းဆိပ်ကမ်းများ တည်ဆောက်ခြင်းလုပ်ငန်းများ၌ လုပ်ငန်းအပ်နှံမှုဖြင့် သိသိသာသာဆောင်ရွက်ခဲ့ကြပါသည်။

ရောမအင်ပါယာ ကျဆုံးပြီးသည့်နောက်တွင် အဆိုပါ လုပ်ထုံးလုပ်နည်းများ ကွယ်ပျောက်ခဲ့ပြီး အလယ်ခေတ် ခိုင်ခံ့သည့် မြို့ပြတည်ဆောက်ရေးလုပ်ငန်းနှင့် ၁၂ ရာစုနှင့် ၁၃ ရာစုအတွင်း ပြင်သစ်နိုင်ငံ၏ အနောက်တောင်ပိုင်းဒေသ မြေယာဖော်ထုတ်ခြင်းများတွင် ပြန်လည်ဆောင်ရွက်လာခဲ့ကြောင်း တွေ့ရပါသည်။ မြို့ပြတည်ဆောက်ရေးအတွက် အလုပ်ကန်ထရိုက်ပုံစံဖြင့် တစ်ရွာလုံးမှ စုပေါင်းဆောင်ရွက်ပြီး ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးကို ဦးတည်ခဲ့ပါသည်။ ထို့ပြင် လူမှုအဖွဲ့အစည်းများအတွင်း တံတားများ၊ လမ်းများနှင့် ဆက်စပ်နေသည့် လုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်ပြီး အလယ်ခေတ် ဓလေ့ထုံးစံကို တည်ဆောက်ခဲ့ကြပါသည်။

၁၆ ရာစု နှင့် ၁၇ ရာစုတွင် ပြင်သစ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သည့် တူးမြောင်းတည်ဆောက်ခြင်း၊ လမ်းခင်းခြင်း၊ အမှိုက်သိမ်းခြင်း၊ လမ်းမီးကိစ္စရပ်များ၊ စာဖြန့်ဝေခြင်းနှင့် ပြည်သူ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာခဲ့ပါသည်။

၁၉ ရာစု၌ ဥရောပတွင် စက်မှုလုပ်ငန်းများ ထွန်းကားပြီးသည့်နောက်၌ မြို့ပြဖြစ်ထွန်းမှုများ လျင်မြန်စွာ တိုးတက်လာခြင်းနှင့်အတူ ပို့ဆောင်ရေးကွန်ရက်များတိုးတက်လာခြင်းနှင့် မီး ၊ ရေ စသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့လာနိုင်ခြင်းသည် ပုဂ္ဂလိကကဏ္ဍအတွက် ရွှေခေတ်သို့ ရောက်ရှိခဲ့သည်ဟု ဆိုကြပါသည်။ ဥရောပ၌ ရထားလမ်းကွန်ရက်များကိုလည်း ဖြေလျှော့မှုပေးသည့် လုပ်ငန်းများအဖြစ် ဆောင်ရွက်လာသည်ကို တွေ့ရပါသည်။ ၂၀ ရာစုတွင် ဥရောပနိုင်ငံများ၏ လမ်းကြောင်းပြောင်းလဲလာပြီး စစ်ပွဲများကြောင့် စီးပွားရေးဆုတ်ယုတ်လာခဲ့သဖြင့် ယင်းတို့၏ ကန်ထရိုက် စာချုပ်များ ရပ်ဆိုင်းခဲ့ရပါသည်။ ပထမကမ္ဘာစစ်နောက်ပိုင်းမှ ၁၉၈၂ ခုနှစ် အစောပိုင်းကာလအထိ အခြေခံအဆောက်အအုံ တည်ဆောက်မှုများကို အစိုးရ၏ ငွေကြေးစိုက်ထုတ်မှုဖြင့် အများဆုံး ဆောင်ရွက်ခဲ့ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စီးပွားရေးအသွင်ကူးပြောင်းသည့် နိုင်ငံများ၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိက ငွေကြေးအနည်းငယ် စိုက်ထုတ်မှုများဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ ခြွင်းချက်အနေဖြင့် ဥရောပ၌ ၁၉၆၀ ပြည့်နှစ်များတွင် လမ်းအသုံးပြုခများကောက်ခံသည့် မော်တော်ကားလမ်းများ တည်ဆောက်ခြင်းကို ပုဂ္ဂလိက ကုမ္ပဏီအစုအဖွဲ့များ၊ ဘဏ်များနှင့် ကန်ထရိုက်များက ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။ ၁၉၇၀ ပြည့်နှစ်များတွင် ဖြစ်ပွားသည့် ကမ္ဘာ့ရေနံဂယက်ကြောင့် ငွေကြေးအခက်အခဲများ ဖြစ်ပေါ်လာသဖြင့် နိုင်ငံပိုင် လုပ်ငန်းအဖြစ် ပြန်လည် ဆောင်ရွက်လာသည်များလည်း ရှိခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၌ ပို့ဆောင်ရေးအခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ထင်ထင်ရှားရှား မတွေ့ရသော်လည်း တူးမြောင်းဖောက်လုပ်ခြင်း၊ ရထားလမ်းများနှင့် ခေတ်မီလမ်းမကြီးများ၌ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ်များ၌ National Highway Trust Fund ကို လောင်စာဆီ တစ်ဂါလန် သုံးစွဲမှု၌ ၀ ဒသမ ၀၀၄ ဒေါ်လာဖြင့် အခွန်ကောက်ခံ၍ ပြည်နယ်အချင်းချင်း ချိတ်ဆက်သည့်လမ်းများ၌ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

၁၉၈၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်များ၌ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြေလျှော့မှုများမှ အခြေခံအဆောက်အအုံများကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကို ဦးတည်လာပါသည်။ အာရှဒေသ၌ ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလများတွင် အစိုးရ-ပုဂ္ဂလိက အစီအစဉ်များ ပေါင်းစည်းဆောင်ရွက်ခြင်းနှင့် တိုးချဲ့ခြင်းများ ပေါ်ထွက်လာခဲ့ပါသည်။

**အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ဖို့ ဘာကြောင့် လိုအပ်တာလဲ**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ရှိနေဆဲဖြစ်ပြီး အစိုးရတစ်ခုတည်း၏ ရင်းနှီးမြှုပ်နှံမှုတစ်မျိုးတည်းဖြင့်ဆောင်ရွက်ရန် အခက်အခဲများ ရှိပါသည်။ Global Infrastructure Hub ၏ အဆိုအရ ၂၀၄၀ ပြည့်နှစ်တွင် အခြေခံအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်မှာ အမေရိကန်ဒေါ်လာ ၁၅ ထရီလီယံအထိ ရှိနိုင်ကြောင်း ဖော်ထုတ်ထားပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အခြေခံအဆောက်အအုံ အတွက် နှစ်စဉ် အမေရိကန် ဒေါ်လာ ၁ ထရီလီယံ မှ ၁ ဒသမ ၅ ထရီလီယံအကြား လိုအပ်ချက်ရှိနေသောကြောင့် အခြေခံအဆောက်အအုံလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု လိုအပ်လာပြီး အမှန်တကယ် လုပ်ငန်းဆောင်ရွက်မည့်သူများ လိုအပ်လျက်ရှိပါသည်။

> ❐ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အခြေခံအဆောက်အအုံအတွက် နှစ်စဉ် အမေရိကန် ဒေါ်လာ ၁ ထရီလီယံ မှ ၁ ဒသမ ၅ ထရီလီယံအကြား လိုအပ်ချက်ရှိနေသောကြောင့် အခြေခံအဆောက်အအုံ လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု လိုအပ်

**အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အားလုံးလက်ခံထားသည့် အဓိပ္ပာယ် ဖွင့်ဆိုချက် ရှိပါသလား**

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ တစ်ကမ္ဘာလုံးက လက်ခံထားပြီး စံပြုထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသေးသည်ကို တွေ့ရပါသည်။ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား ပုံစံမျိုးစုံနှင့် သဘောတူညီမှုပြု၍ ကာလရှည်စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့်အခါ စွန့်စားမှု (risk) ကို ခွဲဝေယူခြင်းဖြစ်ပြီး နှစ်ဖက်အကျိုးအတွက် ဆောင်ရွက်နိုင်မှသာ ရေရှည်တွင် လုပ်ငန်းတည်တံ့ခိုင်မြဲမည် ဖြစ်ပါသည်။

**အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အောင်မြင်ဖို့ ဘာတွေလိုသလဲ**

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အောင်မြင်ရန်အတွက် လုပ်ငန်းစီမံကိန်း (project)၊ လုပ်ငန်းစဉ် (process) နှင့် အစိုးရနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်မည့် မိတ်ဖက်အဖွဲ့အစည်း/ကုမ္ပဏီ (partner) ကောင်းများဖြစ်စေရေး အလွန်အရေးကြီးပါသည်။ အဆိုပါ ကိစ္စရပ်များမှာ လွဲချော်မှုရှိခဲ့လျှင် အောင်မြင်သည့်လုပ်ငန်းဖြစ်ရန် ခဲယဉ်းပါသည်။ ထို့ကြောင့် အစိုးရ၏ လုပ်ငန်းစီမံကိန်းရွေးချယ်မှုနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်မှာ အထူးအလေးထားရမှာဖြစ်သကဲ့သို့ လုပ်ငန်းဆောင်ရွက်မည့်သူများကလည်း လက်တွေ့ဆောင်ရွက်နိုင်မည့်သူများဖြစ်ရန်လည်း အထူးလိုအပ်ပါသည်။ လုပ်ငန်းစဉ်တွင်လည်း မူဘောင် (framework) နှင့် ဥပဒေ (law) ရှိဖို့လိုအပ်ကြောင်းထောက်ပြသည့် ပညာရှင်များ ရှိသကဲ့သို့ အကောင်အထည်ဖော်ခြင်း (implementation) အရေးကြီးကြောင်းကိုလည်း ဝေဖန်ပြောဆိုမှုများလည်း ရှိပါသည်။ မည်သို့ပင် ဆိုစေကာမူ လက်တွေ့ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်ဖြစ်စေရေးနှင့် နိုင်ငံတော်အတွက် ဘဏ္ဍာငွေ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးသည် အရေးကြီးပါသည်။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို တွန်းအားပေးနိုင်မည့် လုပ်ငန်းစဉ်များနှင့် တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များဖြစ်စေရေးကိုလည်း ချိန်ညှိဖို့လိုမှာဖြစ်ပါသည်။ ဥပဒေမရှိလျှင် PPP မူဘောင်တစ်ခု ရှိသင့်ကြောင်း သုံးသပ်ရရှိပါသည်။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတွင် ပုဂ္ဂလိကဘက်မှ အမြဲတောင်းခံလေ့ရှိသည့် ကိစ္စရပ်မှာ အစိုးရ၏ အာမခံချက် (Government Guarantee) ဖြစ်ပါသည်။ အစိုးရအနေဖြင့် စီမံကိန်း၏ စရိတ်နှင့် ပြန်ရချက်ကို စိစစ်ထားခြင်းမရှိဘဲ အာမခံပေးပါက ဆုံးရှုံးနိုင်ဖွယ်များရှိနိုင်သဖြင့် ဈေးကွက်အခြေအနေကိုလည်း သုံးသပ်ထားရန် လိုအပ်ပါသည်။

အစိုးရက စီးပွားဖြစ်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်အတွက် ငွေကြေးထောက်ပံ့မှု (Viability Gap Funding– VGF) ပုံစံဖြင့် ဖြည့်ဆည်း ဆောင်ရွက်မှုများလည်း ရှိပါသည်။ အခြားနိုင်ငံများ၌ အနည်းဆုံးဖြည့်ဆည်းသည့် ပမာဏဖြစ်ရန် သတ်မှတ်ထားခြင်းများရှိပြီး စုစုပေါင်း စီမံကိန်းတန်ဖိုးအပေါ် ရာခိုင်နှုန်းသတ်မှတ်၍ ဖြည့်ဆည်းမှုများလည်း တွေ့ရပါသည်။ ဥပမာ – အိန္ဒိယနိုင်ငံအနေဖြင့် ကုမ္ပဏီများမှတင်ပြသည့် လိုအပ်ချက်သည် အနည်းဆုံးပမာဏဖြစ်ရန်နှင့် စီမံကိန်းတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကျော်လွန်မှုမရှိစေရန် သတ်မှတ်ထားပြီး VGF ပံ့ပိုးပေးမည့် ကဏ္ဍများကိုလည်း သတ်မှတ်ထားသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကဏ္ဍနှင့် ပမာဏသတ်မှတ်ချက်မရှိဘဲ ယှဉ်ပြိုင်တင်ဒါစနစ် (သို့မဟုတ်) Swiss Challenge တင်ဒါစနစ်ကို အသုံးပြုလျှင် အစိုးရ၏ အထောက်အပံ့ကို အာမခံပုံစံဖြင့်လည်းကောင်း၊ VGF ပုံစံဖြင့် သော်လည်းကောင်း၊ အခြားပုံစံဖြင့်သော်လည်းကောင်း ရယူနိုင်ကြောင်းကို စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက်၌ ဖော်ပြထားပါသည်။

**အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံအဖြစ် ယူဆနေသည့် လွဲမှားမှုများ**

အစိုးရမှ နှစ်စဉ် ဘတ်ဂျက်စိုက်ထုတ်ပြီး ပုဂ္ဂလိကမှ ဆောင်ရွက်လိုသူများကို တင်ဒါဖြင့် ရွေးချယ်၍ ဆောင်ရွက်သည့် တည်ဆောက်ခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းများသည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်မဟုတ်ပါ။ အဆိုပါ လုပ်ငန်းစဉ်များမှာ သမားရိုးကျ ဝယ်ယူရေးလုပ်ငန်းစဉ်များသာ ဖြစ်ပါသည်။ တည်ဆောက်ခြင်း၊ ဒီဇိုင်းဆွဲခြင်း၊ အင်ဂျင်နီယာလုပ်ငန်းများအတွက် ကန်ထရိုက်အား လုပ်ကိုင်ခွင့်ပေးသည့် လုပ်ငန်းစဉ်များသာ ဖြစ်ပါသည်။ ထို့ပြင် ဌာနပိုင်မြေများ၊ အဆောက်အအုံများအား ပုဂ္ဂလိကသို့ ငှားရမ်းလုပ်ကိုင်စေခြင်းသည်လည်း အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပုံစံမဟုတ်ပါ။ နိုင်ငံတော်အနေဖြင့် ငှားရမ်းခကိုသာရရှိနေခြင်းဖြစ်သဖြင့် သမားရိုးကျဝယ်ယူရေး လုပ်ငန်းစဉ်များသာ ဖြစ်ပါသည်။

**အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းပုံစံများ**

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကို နည်းလမ်းပုံစံမျိုးစုံဖြင့် ဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။ ငွေလုံးငွေရင်း ပိုင်ဆိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုအတွက် တာဝန်ယူဆောင်ရွက်မှု၊ စွန့်စားရမှုအပေါ် ယူဆချက်နှင့် စာချုပ်သက်တမ်းတို့အပေါ် မူတည်၍ ကွဲပြားသည့်

*စာမျက်နှာ ၁၇ သို့*

# ပညာရေးဝန်ကြီးဌာန

## “၂၀၂၂ -၂၀၂၃ ပညာသင်နှစ်”

### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- ❖ လက်ကို ရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများမကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

---

*စာမျက်နှာ ၁၆ မှ*

**■ ကမ္ဘာ့နိုင်ငံများ၏ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် နယ်ပယ်များအနက် အများစုမှာ ပို့ဆောင်ရေး၊ စွမ်းအင်၊ လျှပ်စစ်၊ အိုင်တီ၊ အိမ်ရာနှင့် ဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် အိုင်စီတီ၊ လျှပ်စစ်၊ သဘာဝဓာတ်ငွေ့ လုပ်ငန်းများတွင် အများဆုံးတွေ့ရပြီး လမ်းလုပ်ငန်းများ၌ လမ်းအဆင့်မြှင့်တင်၍ BOT စာချုပ်ချုပ်ဆို လုပ်ကိုင်မှုများကိုလည်း တွေ့ရှိရ**

ပူးပေါင်းဆောင်ရွက်မှုပုံစံများဖြင့် ဆောင်ရွက်ပါသည်။ အဆိုပါ ပုံစံများမှာ Design-Build-Operate and Maintain (DBOM), Design-Build-Finance-Operate and Maintain (DBFOM), Design- Build-Finance-Operate and Transfer (DBFOT), Build-Operate-Transfer (BOT), Build-Own-Operate-Transfer (BOOT), Build-Transfer-Operate (BTO), Build-Transfer-Lease (BTL) , Operation and Management (O&M) စသည်တို့ ဖြစ်ပါသည်။

**အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအတွက် ငွေကြေး အရင်းအမြစ်များ**

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတွင် လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်သည့်ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကကုမ္ပဏီများက ယင်းတို့ ပိုင်ဆိုင်သည့် အရင်းအနှီးများမှ ကျခံသုံးစွဲခြင်းနှင့် ငွေကြေးအဖွဲ့အစည်းများ၏ ကြွေးမြီမှ ကျခံခြင်းတို့ ဖြစ်ပါသည်။ အဆိုပါ ငွေကြေးထည့်ဝင်သုံးစွဲမှု ကိစ္စရပ်များအတွက် ကြွေးမြီနှင့် ပိုင်ဆိုင်မှုကို အချိုးသတ်မှတ်၍ ထည့်သွင်းစဉ်းစားကြပါသည်။ ယေဘုယျအားဖြင့် ကြွေးမြီနှင့် ပိုင်ဆိုင်မှုအချိုးသည် ၆၀ : ၄၀ ၊ ၈၀ : ၂၀ ကြားတွင်ရှိကြောင်း တွေ့ရပါသည်။ အချို့လုပ်ငန်းစီမံကိန်းများတွင် ယခုဖော်ပြသည့် အချိုးထက်နည်းခြင်း၊ များခြင်းများလည်း ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် စီမံကိန်းဘဏ္ဍာဆိုင်ရာညွှန်ကြားချက်၌ ပိုင်ဆိုင်မှုအချိုးသည် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ သန်း ၅၀ အထိ တွင် မတည်ငွေရင်း၏ ၃၀ ရာခိုင်နှုန်းအောက် မလျော့ရန်နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ သန်း ၅၀ ထက်ပိုသော ရင်းနှီးမြှုပ်နှံမှုတွင် မတည်ငွေရင်း၏ ၂၀ ရာခိုင်နှုန်းအောက် မလျော့ရန်ဟု ဖော်ပြထားသဖြင့် အမေရိကန်ဒေါ်လာသန်း ၅၀ အထိ ရင်းနှီးမြှုပ်နှံမှု၌ ကြွေးမြီနှင့် ပိုင်ဆိုင်မှုအချိုးကို ၇၀ : ၃၀ ၊ အမေရိကန်ဒေါ်လာသန်း ၅၀ ထက်ကျော်ပါက ၈၀ : ၂၀ ဖြစ်ရန် လိုအပ်ကြောင်း တွေ့ရပါသည်။

အစိုးရ-ပုဂ္ဂလိက လုပ်ငန်းများ၌ ငွေကြေးကျခံမှုကိုကြည့်ပါက သုံးစွဲသူကပေးချေခြင်း (User's pay)၊ ဥပမာ- လမ်းသုံးစွဲခအတွက် လမ်းအသုံးပြုသူများ ထံမှကောက်ခံခြင်း၊ အစိုးရက ပေးချေခြင်း (Government pay)၊ ဥပမာ- ဝန်ဆောင်မှုပေးသည့် အရေအတွက်ပေါ်မူတည်ပြီး စာချုပ်အရ ပေးချေရန်ရှိသည့်ပမာဏကို အစိုးရမှ ပေးချေခြင်း၊ ပူးပေါင်းကျခံခြင်း (Copays) ဟုခေါ်သည့် အသုံးပြုသူနှင့် အစိုးရတို့မှ ကျခံခြင်းတို့ဖြစ်ပါသည်။ သို့ဖြစ်ရာ PPP ဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများအတွက် ဝယ်လိုအားလိုအပ်ချက်ပေါ် ဆန်းစစ်ခြင်း (Demand Analysis)၊ ရောင်းလိုအား ပံ့ပိုးနိုင်မှုကို ဆန်းစစ်ခြင်း (Supply Analysis) တို့ ဆောင်ရွက်ရန် လိုအပ်သည့်အပြင် လုပ်ငန်းမှ အဓိကရရှိနိုင်မည့် ဝင်ငွေအရင်းအမြစ်နှင့် အဆိုပါဝင်ငွေမရရှိပါက အခြားရရှိနိုင်မည့် ဝင်ငွေအရင်းအမြစ် ရှိနိုင်၊ မရှိနိုင်တို့ကိုလည်း ဆန်းစစ်ထားရန် လိုအပ်ပါသည်။ ထို့ပြင် ယင်းတို့အပေါ်ဖြစ်ပေါ်လာသည့် risk ကိုလည်း မည်သို့စီမံခန့်ခွဲဆောင်ရွက်မည်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ အစိုးရအနေဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မှုအပေါ် ပေးချေမည်ဖြစ်သဖြင့် ပေးဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးမီရန် လိုအပ်သည့်အပြင် လိုအပ်သည့်ပမာဏအတိုင်း ဝန်ဆောင်မှုပေးနိုင်ရေးကိုလည်း လုပ်ငန်းဆောင်ရွက်သူက တာဝန်ယူရမည်ဖြစ်ပါသည်။ အစိုးရဘက်ကလည်း အာမခံထားသည့်ပမာဏအတိုင်း ဝယ်ယူနိုင်ရေးကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

**အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် နယ်ပယ်များ**

ကမ္ဘာ့နိုင်ငံများ၏ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် နယ်ပယ်များအနက် အများစုမှာ ပို့ဆောင်ရေး၊ စွမ်းအင်၊ လျှပ်စစ်၊ အိုင်တီ၊ အိမ်ရာနှင့် ဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် အိုင်စီတီ၊ လျှပ်စစ်၊ သဘာဝဓာတ်ငွေ့ လုပ်ငန်းများတွင် အများဆုံးတွေ့ရပြီး လမ်းလုပ်ငန်းများ၌ လမ်းအဆင့်မြှင့်တင်၍ BOT စာချုပ်ချုပ်ဆို လုပ်ကိုင်မှုများကိုလည်း တွေ့ရှိရပါသည်။

**အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံကိန်းစက်ဝန်း**

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံကိန်းစက်ဝန်း၌ အဆင့် (၆)ဆင့် ရှိပါသည်။ ယင်းတို့မှာ-

(၁) **လုပ်ငန်းစီမံကိန်းကို ခွဲခြားစိတ်ဖြာခြင်းနှင့် စိစစ်ခြင်း (Identification and Screening)-** အဆိုပါအဆင့်တွင် စီးပွားရေးဆိုင်ရာ ဆန်းစစ်ချက်၊ စရိတ်နှင့် အကျိုးပြန်ရချက်ဆန်းစစ်ခြင်းနှင့် PPP ပုံစံဖြင့် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိကို အဓိကထား၍ စိစစ်ဆောင်ရွက်ပါသည်။

(၂) **စိစစ်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်း (Appraisal and Preparation)-** နည်းပညာဆိုင်ရာဆန်းစစ်ချက်၊ စီးပွားရေး ဘဏ္ဍာရေးဆိုင်ရာ ဆန်းစစ်ချက်၊ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်းများ၊ ကုန်ကျခံသည့် ငွေကြေးအတိုင်း ပြန်လည်ရရှိနိုင်မှု အခြေအနေဆန်းစစ်ချက်၊ စွန့်စားရမှုဆိုင်ရာ ဆန်းစစ်ချက်၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် ဝယ်ယူရေးဆိုင်ရာ စီမံချက်များ ပြင်ဆင်ခြင်းစသည့် လုပ်ငန်းစဉ်များ ပါရှိပါသည်။

(၃) **ပုံစံရေးဆွဲခြင်းနှင့် မူကြမ်းပြင်ဆင်ခြင်း (Structuring and Drafting)-** ဤအဆင့်တွင် စီမံကိန်းအတွက် ဘဏ္ဍာငွေ ကျခံမှုပုံစံ၊ အမြတ်ခွဲဝေသည့် အကျိုးခံစားခွင့်ဆိုင်ရာ ပြင်ဆင်ခြင်း၊ တင်ဒါအတွက် လိုအပ်သည့်အရည်အသွေး စံချိန်စံညွှန်းများ ပြင်ဆင်ခြင်း၊ စာချုပ်မူကြမ်း ပြင်ဆင်ခြင်းများ ပါဝင်ပါသည်။

(၄) **တင်ဒါခေါ်ယူခြင်း (Tender)-** ဤအဆင့်တွင် တင်ဒါခေါ်ယူခြင်း၊ အရည်အချင်းပြည့်မီသည့် တင်ဒါတင်သွင်းသူအား ရွေးချယ်ခြင်း၊ စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်းစသည့် လုပ်ငန်းစဉ်များ ပါဝင်ပါသည်။

(၅) **စာချုပ်စီမံခန့်ခွဲခြင်း၊ တည်ဆောက်ရေး(Contract Management- Construction)-** ဤအဆင့်၌ စာချုပ်ပါအတိုင်း ဆောင်ရွက်နိုင်ရေးအတွက် တည်ဆောက်ရေးကာလအတွက် လိုအပ်သည့် ကြီးကြပ်မှုများဆောင်ရွက်ခြင်း၊ ပူးတွဲကျခံမှုများအတွက် ပေးချေရန် ဆောင်ရွက်ခြင်းတို့အပြင် ကြီးကြပ်မှုဗျူဟာအရ အကောင်အထည်ဖော်မှုအပေါ်ကြီးကြပ်ခြင်း၊ စီမံကိန်းအတွက် ထိခိုက်နိုင်ခြေရှိသည့် risk အပေါ် စီမံခန့်ခွဲခြင်း၊ စီမံကိန်းကာလမတိုင်မီ စာချုပ်ရပ်စဲမှုများအပါအဝင် အခြားအငြင်းပွားမှုများအပေါ် စီမံခန့်ခွဲခြင်း၊ သတင်းအချက်အလက်များအပေါ် စီမံခန့်ခွဲခြင်း စသည့်လုပ်ငန်းစဉ်များ ပါဝင်ပါသည်။

(၆) **စာချုပ်စီမံခန့်ခွဲခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း (Contract Management- Operation)-** ဤအဆင့်၌ လုပ်ငန်းလည်ပတ်မှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲခြင်း၊ လုပ်ငန်းပြန်လည်လွှဲပြောင်းနိုင်ရေး (Hand Back) အတွက် စီမံခန့်ခွဲခြင်း စသည်တို့ပါဝင်ပါသည်။

သို့ဖြစ်ရာ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရာ၌ စာချုပ်ချုပ်ဆိုပြီးနောက်ပိုင်းတွင် လုပ်ငန်းဆောင်ရွက်မှုအပေါ် ဆက်လက်ကြီးကြပ် ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ နောက်ပိုင်းတွင် နိုင်ငံတော်မှ လုပ်ငန်းလွှဲပြောင်းလက်ခံရာတွင် လုပ်ဆောင်မှုကောင်းကောင်းဖြင့် စွန့်စားမှုအနည်းဆုံးဖြင့် ပြန်လည်လွှဲပြောင်း ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**ပူးပေါင်းဆောင်ရွက်မှုများမှ လုပ်ငန်းစီမံကိန်းများ အောင်မြင်ရေး**

အစိုးရနှင့် ပုဂ္ဂလိက နှစ်ဦးနှစ်ဖက် အကျိုးရှိစေရေးအတွက် အစိုးရ-ပုဂ္ဂလိက လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်သည့် သတ်မှတ်ချက်များအတွင်း ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျွမ်းကျင်ရာနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်လိုအပ်ပါသည်။ ထို့ပြင် ပုဂ္ဂလိက လုပ်ငန်းများအနေဖြင့် ကော်ပိုရိတ်အုပ်ချုပ်မှု (corporate governance)ပုံစံကောင်းမွန်ရေး အရေးကြီးပါသည်။ နိုင်ငံတော်အနေဖြင့်လည်း မူဝါဒပိုင်း တည်ငြိမ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် လုပ်သာကိုင်သာရှိသည့် ဝန်းကျင်ဖန်တီးပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အရေးကြီးပါသည်။ အစိုးရနှင့်ပုဂ္ဂလိက လုပ်ငန်းများအကြား သာတူညီမျှအပေးအယူမျှသည့် ပုံစံဖြင့် ဆောင်ရွက်ပြီး လုပ်ငန်းစီမံချက်ကောင်းများကို ဖော်ထုတ်ဆောင်ရွက်ပါက နှစ်ဦးနှစ်ဖက် အကျိုးရှိပြီး နိုင်ငံတော်အတွက် အခြေခံအဆောက်အအုံလိုအပ်ချက်တွင် အရည်အသွေးပြည့်မီစွာဖြင့် ဆောင်ရွက်သွားနိုင်မည်မှာ မြေကြီးလက်ခတ် မလွဲကေန် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

**ကိုးကားစာတမ်းများ**


**KDI, ADB, Public-Private Partnership Infrastructure Projects: Case Studies from the Republic of Korea**

**Volume 1: Institutional Arrangements and Performance, 2011**

**စီမံကိန်းဘဏ္ဍာဆိုင်ရာ ညွှန်ကြားချက် ၂၀၁၈**

**https://www.weforum.org/agen da/ 2019/04/infrastructure-gap-heres-how-to-solve-it/**

**https://apmg.international.com**

**https://www.worldbank.org/en/topic/publicprivatepartnerships**

**https://pppknowledgelab.org/**

# ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေအဖြစ် တံတား ၁၇၄ စင်း တည်ဆောက်သွားမည်



**နေပြည်တော်  မေ  ၁၈**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် တံတား ၇၄ စင်း၊ တိုင်းဒေသကြီး/ပြည်နယ် အပ်နှံရန်ပုံငွေဖြင့် တံတား ၇၁ စင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အပ်နှံရန်ပုံငွေဖြင့် တံတား ၂၉ စင်း စုစုပေါင်းတံတား ၁၇၄ စင်း တည်ဆောက်မည်ဖြစ်ကြောင်း ယနေ့ ညနေပိုင်းတွင် ကျင်းပသည့် တံတားဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ က ပြောကြားသည်။ (ဓာတ်ပုံ)

ဆက်လက်၍ ဒုတိယဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၁/၂၀၂၂ အမိန့်ကြော်ငြာစာပါ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရန်၊ နိုင်ငံ့ဘဏ္ဍာများ လေလွင့်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် စက်ယာဉ်ယန္တရားများ လုံခြုံရေးအတွက် လက်တွေ့ကျသော လုံခြုံရေးစီမံချက်များ ကြိုတင်ရေးဆွဲထားရှိရန်၊ ဌာနဆိုင်ရာများနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများကို မှာကြားသည်။

ဆက်လက်၍ တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များ က လုပ်ငန်းဆောင်ရွက်မည့် စီမံချက်များကို အပိုင်းလိုက် တင်ပြကြပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိတံတားတည်ဆောက်ရေး အထူးအဖွဲ့များမှ ဆောင်ရွက်ပြီး တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက တံတားဦးစီးဌာနအနေဖြင့် တံတားသစ်များကို တည်ဆောက်နေသကဲ့သို့ တည်ဆောက်ပြီးတံတားများ၏ တံတားကြံ့ခိုင်မှု၊ ခံနိုင်ဝန်ကိုလည်း အမြဲစောင့်ကြည့်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေး ပစ္စည်းများ တင်ဒါခေါ်ယူရာတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် သတ်မှတ်ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော်  မေ  ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် (၁၂)နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်၌ ဒေသခံပြည်သူ ၅၀၇၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၁၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၆၂၈၅ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်၌ ဒေသခံပြည်သူ ၇၉၃၀၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၄၂၁၈၈ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ထန်းတပင်မြို့နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကွတ်ခိုင်မြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**ကွတ်ခိုင်  မေ  ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် အမှတ်(၈)ရပ်ကွက် မဟာစည်ဘုန်းကြီးကျောင်းဝင်း၌ မြို့နယ်သစ်တောဦးစီးဌာနမှ စီစဉ်ဆောင်ရွက်မှုဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများ ရရှိရေးတို့ကို ရည်ရွယ်၍ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်း ၉ နာရီက ကျင်းပကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် မူဆယ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်သက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးညွှန့်နှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မိုးဟိန်းတို့ ပျိုးပင်များအား တာဝန်ရှိသူများကို ပေးအပ်ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များက ပူးပေါင်းပါဝင် စိုက်ပျိုးခဲ့ကြသည်။

ထိုကဲ့သို့ ၂၀၂၂ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ထင်းရှူးပင် ၅၀၊ ယူကလစ်ပင် ၁၀၀၊ ရေသင်းဝင်ပင် ၁၀၀ စုစုပေါင်း ၂၅၀ တို့အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ချယ်ရီမြေ (ကွတ်ခိုင်)**

# ဝေါမြို့နယ်၌ ဂရန်အင်းများ လေလံတင်ရောင်းချ

**ဝေါ  မေ  ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကျင်းပသည့် ၂၀၂၂-၂၀၂၃ ခုနှစ် လုပ်ငန်းရာသီနှစ်အတွက်(ပထမ)အကြိမ် ဂရန်အင်းများ လေလံတင်ရောင်းချခြင်းနှင့် တင်ဒါပိုက်ချက်များ အိတ်ဖွင့်တင်ဒါရောင်းချခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနရုံး၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်ဝင်းက လေလံတင်ရောင်းချရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်မြင့်နိုင်က လေလံပါ ကြော်ငြာ စည်းကမ်းချက်များအား ရှင်းလင်းဖတ်ကြားပေးသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ခုနှစ် လုပ်ငန်းရာသီနှစ်အတွက်(ပထမ) အကြိမ် ဂရန်အင်းများ လေလံတင်ရောင်းချခြင်းနှင့် တင်ဒါပိုက်ချက်များ အိတ်ဖွင့်တင်ဒါ ရောင်းချရာ ဂရန်အင်း ၃၂ အင်းရှိသည့်အနက် ၁၀ အင်းနှင့် တင်ဒါပိုက်ချက် (၇) ချက်ရှိသည့်အနက် (၅)ချက် ရောင်းချရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၅-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ရတနသုတ်၊ဘေဇ္ဇဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၆:၄၀ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၁၀ | Soccer View |
| ၀၈:၄၀ | ဒီမိုကရေစီဆိုသည်မှာ | ၁၇:၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၀၉:၁၀ | NRC အစီအစဉ် 'ဝမာ' 'ပုဂံနှင့်ယွန်းထည်' | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၃၅ | မြန်မာ့ကျောက်စိမ်း | ၁၈:၃၀ | SEA Games Vietnam (Highlights) |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၈:၄၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၂:၃၀ | MRTV National News | ၁၉:၁၀ | ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း |
| ၁၂:၅၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက်သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| | | ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| | | ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၂၈) |

**mitv**

07:01 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
07:10 Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato
07:29 Ecotourism: Shameka Taw Ya Monastery and Dolphin Community Lodge
07:39 Paper Products... Plain but Pretty
08:01 Discovering Tribes: Yin Net Tribe - Their Life and Customs
08:28 Insight Myanmar: Parenting & Child Development (Part-2)
08:49 Between the Beaches: Chaung Tha Vs Ngwe Saung
09:01 News
09:27 Alms Bowl
09:46 A Way of Life: Karate-do
10:02 Myanmar Masterclass: Impressionism

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
လျှာလည်သွားစေမယ့်ခရုသုပ်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စာပေအမြုတေ

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်းအမျိုးသားပန်းတောင်ဇလပ်

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၆)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဆေးတံအစရှာလွတ်က

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ထိန်းသိမ်းစိုလေရိုးရာအမွေ(ရထားဆွဲပွဲ)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်တဲ့တရုတ်စံကားပွင့်

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဒေါ်လန်ပူးအလွန်မှဒီးလာဝါဇီကျေးရွာသို့

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၅)

**ဖကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ တကယ်စွမ်းတဲ့MYANCOPHARM
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၁:၂၀ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ယုန်ကမတိုးပိုက်ကတိုး'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
၁၁:၀၀ Election Japan
၁၁:၃၀ အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ မျိုးစေ့ပြပွဲမှသည် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆီ
၀၇:၀၀ စျေးကွက်ဝိုင်မာဝင်ငွေကောင်းဖို့ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်စို့
၀၈:၅၀ ကုန်းမြင့်ထက်မှာပွင့်သောပန်းများလန်းစေရာ
၀၉:၁၅ တောင်သူအကျိုးမြှင့်ဖို့ရာ ရိတ်သိမ်းချိန်လွန်နည်းပညာ
၀၉:၂၀ မုန့်ဖတ်ခြောက်အကြောင်းသိကောင်းစရာ

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝနေ့တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပုဗ္ဗသီရိမြို့နယ်တွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(အခြေခံ)သင်တန်းဖွင့်



ပုဗ္ဗသီရိ မေ ၁၈

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ(အခြေခံ)သင်တန်း (၁/၂၀၂၂)ကို မေ ၁၆ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သီရိရတနာ မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပရာ နေပြည်တော်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ယခုသင်တန်းကို တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် စိတ်ပါဝင်စားစွာ လေ့လာသင်ယူပေးကြရန်လိုကြောင်း၊ သင်ခန်းစာများကို လေ့လာပြီး ကလေးငယ်များအား အနာဂတ်၏ ကြယ်ပွင့်ကလေးများဖြစ်အောင် ပြုစုပျိုးထောင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ သင်ခန်းစာများကို ကြိုးစားသင်ယူ မှတ်သားကြပြီး သင်တန်းက ရလာသော အတွေ့အကြုံ ပညာရပ်များကို အသုံးချကာ ကလေးငယ်လေးများ ဘဝတစ်လျှောက်လုံး ကောင်းမွန်သောဘဝများဖြစ်အောင် စွမ်းဆောင်ပေးကြရန်လိုကြောင်း အမှာစကား ပြောကြားသည်။

အဆိုပါ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(အခြေခံ) သင်တန်း (၁/၂၀၂၂)ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်များမှ သင်တန်းကို စိတ်ပါဝင်စားသူ သင်တန်းသားသင်တန်းသူ ၃၀ အား မေ ၁၆ ရက်မှ ဇွန် ၁၃ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)

## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၅ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၃၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၃၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၂၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၉၅/၂၂၂၀ ကျပ် | ၂၂၄၀/၂၂၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၇၀/၂၂၂၅ ကျပ် | ၂၂၇၀/၂၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၇၅/၂၁၈၀ ကျပ် | ၂၂၂၀/၂၃၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၃၀/၂၂၃၅ ကျပ် | ၂၂၇၅/၂၃၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၅ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၃ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၄၅၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၃၂ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၈၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၄ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၄၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၃၈ | ၂၈၈၈၀၀ |
| MTSH | ၂၆၅၀ | ၂၆၀၀ | ၁၃၃ | ၃၄၇၄၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၂၆ | ၄၅၅၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၄၇ | ၁၂၂၂၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၄၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၀၄၅၊ ဖက်စ် ၀၆၇-၃၄၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်နေ သူဇာလွင်(ခ)သဲသဲသည် ၎င်းအသုံးပြုသည့် “Thae Thae” Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဖအောင်ဝဲရပ်ကွက်နေ ရဲဖုန်းခန့်သည် ၎င်းအသုံးပြုသည့် “Yephone Khant” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

## ပုသိမ်မြို့၊ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ ရွှေမှိုက်ပစ္စည်းများနှင့် ရေစစ်ကန်မှ ကန်စာများ ရောင်းချရန်ဈေးပြိုင်ကြော်ငြာစာ

၁။ ပုသိမ်မြို့၊ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးတွင် ရွှေသက်န်းများ ကပ်လှူခဲ့စဉ်က ကျန်ရှိခဲ့သည့် လောင်လိပ်၊ ဂွမ်းစ ၊ သရိုး၊ ကြောင်ချေးနှင့် ရေစစ်ကန်များအတွင်းရှိ ရွှေမြေများအား လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းလိုသူများသည် ၁၉-၅-၂၀၂၂ရက်မှ ၁၈-၆-၂၀၂၂ရက် ရုံးချိန်အတွင်း ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးတွင် ဈေးပြိုင်အဆိုပြုလွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ဝယ်ယူ၍ တင်သွင်းနိုင်ပါသည်။ ရွှေမှိုက်ပစ္စည်းများအား မျက်မြင်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာကို ၁၈-၆-၂၀၂၂ရက် ၁၅:၀၀နာရီနောက်ဆုံးထား၍ လာရောက် တင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်းလာသူများအား လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။ လေလံကော်မတီမှ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသူများ၏ ရှေ့မှောက်၌ ၂၁-၆-၂၀၂၂ရက် နံနက် ၁၀:၀၀နာရီတွင် ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များနှင့် လျှောက်လွှာပုံစံဝယ်ယူခြင်းများနှင့် ပတ်သက်၍ သိရှိလိုပါက အောက်ပါပုဂ္ဂိုလ်များထံတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ဦးစန်းငွေ ဂေါပကအဖွဲ့ဝင် ဖုန်း-၀၉-၄၂၈၅၅၂၀၀၉၊ ၀၄၂-၂၄၂၇၇

(ခ) ဦးမင်းဇော် ငွေစာရင်းဌာန ဖုန်း-၀၉-၂၆၀၈၆၈၅၅၄၊ ၀၄၂-၂၅၂၉၈

**လေလံကော်မတီ**
**ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၆)၊ မြေကွက်အမှတ်(၁၉၇)၊ ဦးကျော်ရင်အမည်ပေါက် (၄၀x၆၀)ပေ ပါမစ်မြေကွက်၏ မခွဲစိတ်ရသေးသော မြေ(၂၀x၆၀)ပေအား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါသည်

အထက်ဖော်ပြပါ မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်ဆက်ဖြင့် တစ်ဦးတည်းလက်ရှိထား ဝယ်ယူပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းစန္ဒာ ၆/ပလန(နိုင်)၀၀၃၂၁၉က ရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ဒေါ်ဖူးဝေဝေသက် ၆/ပလန(နိုင်)၀၈၅၄၈၁မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီကြပြီး ဖြစ်ပါသည်။ ယင်းမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထွန်း(B.Sc, H.G.P, D.B.L, D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၁၀၆၁၆)**
**အမှတ်(၁၁၄)၊ (မြေညီ)၊ ကန်တော်လမ်း၊**
**လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၅၁၈၃၃၂၆၊ ၀၉-၇၇၅၁၈၃၃၂၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၆)၊ မြေကွက်အမှတ်(၁၇၀)၊ ယခုအခေါ် အရှေ့ဒဂုံမြို့နယ်၊ (၆)ရပ်ကွက်၊ ကြာဖြူလမ်း၊ အမှတ်(၁၇၀)ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစားအား အမည်ပေါက်ဖြစ်သူ ဒေါ်တင်ကြည် ၁၂/စခန(နိုင်)၀၁၆၈၅၉မှ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း၊ အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးချိန်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်နှင်းအေး(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၈၇/၁၇)**
**အမှတ် ၁၀၄၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၉၅၇၃၇၂၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၉၉၂)၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ ဒေါ်မြင့်မြင့်သောင်းအမည်ပါ မြေချပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်စန်းစန်းဦး ၁၃/ပလတ(နိုင်)၀၀၀၀၁၂ ထံမှ ဝယ်ယူရန်အတွက် ဦးဝင်းမြင့် ၁၀/သထန(နိုင်)၀၁၅၀၁၉ သည် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်အကြောင်း တစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း သက်သေ အထောက်အထားခိုင်မာစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့် ၁၀/သထန(နိုင်)၀၁၅၀၁၉**
**ဖုန်း-၀၉-၄၄၈၅၃၄၇၀၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပေါင်းကူညာဏရပ်ကွက်၊ မဥ္ဇူ(၂)လမ်းတွင်နေထိုင်သူ ဒေါ်လှသိန်းဖြူ ၁၁/ကတန(နိုင်)၀၄၁၆၈၈ ၏သားဖြစ်သူ မောင်ခိုင်ကျော်မိုး ၁၁/ကတန(နိုင်)၀၁၄၅၃၈ သည်မိခင်နှင့် ကျန်မောင်နှမများ၊ ဆွေမျိုးအသိုင်းအဝိုင်းများ၏ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ နေအိမ်မှထွက်ခွာသွားသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်မောင်ခိုင်ကျော်မိုးနှင့် ပတ်သက်သည့်မည်သည့်ကိစ္စမဆို မိခင် ဒေါ်လှသိန်းဖြူနှင့် သက်ဆိုင်ခြင်းမရှိသလို မိခင်ဒေါ်လှသိန်းဖြူ၏ကိစ္စအဝဝအားလုံးမှာလည်း မောင်ခိုင်ကျော်မိုးနှင့်လုံးဝမသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်လှသိန်းဖြူ**
**၁၁/ကတန(နိုင်)၀၄၁၆၈၈**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)(၂၈-၁၀-၂၀၁၀)**
**အမှတ်(၁၇၆/က)၊ ဗဟိုလမ်း၊ ၁/က ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်**
**ဖုန်း-၀၉-၅၄၁၂၅၆၇**

## အမည်ပြောင်းလဲခေါ်ပါရန်

ဦးသိန်းငွေ ၁၄/ကကန(နိုင်)၀၇၇၀၁၅ -ဒေါ်မြကေခိုင်လွင် ၉/အမဇ(နိုင်)၀၀၂၅၇၃ တို့၏ သမီးဖြစ်သူ မအိမ့်ပြည့်ပြည့်မှူးအား မပန်ဆုရည်မွန်ဟု ပြောင်းလဲခေါ်ပါရန်။

**မပန်ဆုရည်မွန်**

**သွေးသည် အသက်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/6750 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကယားပြည်နယ်အစိုးရအဖွဲ့
## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး
## နယ်စပ်ဒေသဖွံ့ဖြိုးရေး(မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်၊ ကယားပြည်နယ်အတွင်း ကယားပြည်နယ် အစိုးရအဖွဲ့၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး(မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်မြေလမ်း(၄)လမ်း၊ ကျောက်လမ်း(၁၃)လမ်း၊ ကတ္တရာလမ်း(၅)လမ်း၊ ကွန်ကရစ်လမ်း(၂)လမ်း၊ ကွန်ကရစ်တံတား(၆)စင်း၊ ကွန်ကရစ်ရေကျော် (၃)စင်း၊ Box Culvert (၅၀)စင်း၊ Pipe Culvert(၁၁)စင်း၊ အုတ်ရေကန် (၃၈)ကန်၊ ဆိုလာ (၄၅၅)လုံးနှင့် အခြားလုပ်ငန်း (၅)ခု စသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **အိတ်ဖွင့်တင်ဒါစတင်ရောင်းချ/ တင်သွင်းရမည့်ရက်** | - | ၁၈-၅-၂၀၂၂ရက်၊ ဗုဒ္ဓဟူးနေ့(ရုံးချိန်အတွင်း)မှ ၃၁-၅-၂၀၂၂ရက်၊ (အင်္ဂါနေ့) (ရုံးချိန်အတွင်း)ထိ |
| (ခ) | **အိတ်ဖွင့်တင်ဒါပိတ်မည့် ရက်နှင့် အချိန်** | - | ၃၁-၅-၂၀၂၂ရက်၊ (အင်္ဂါနေ့)၊ ၁၆:၃၀နာရီ |

အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ သီဟလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၉-၂၅၀၁၂၄၆၂၅၊ ၀၉-၄၂၃၇၂၆၅၂၂၊ ၀၉-၄၂၈၀၀၄၁၁၅၊ ၀၉-၄၀၃၅၉၈၅၆၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့နေ ကိုဟန်ထူးအောင် ၈/ကမန(နိုင်)၀၅၂၆၅၈နှင့် မနန်းခင်ခင်လင်း ၁၂/မဂတ(နိုင်)၁၀၀၂၄၈တို့သည် ၁၆-၅-၂၀၂၂ရက်တွင် တောင်ဥက္ကလာပမြို့နယ်တရားသူကြီးရှေ့မှောက်တွင် နှစ်ဦးသဘောတူအကြင်လင်မယား ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် ချုပ်ဆို၍ ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ယင်းရက်တွင်ပင် လက်ထက်ပွားပိုင်ပစ္စည်းများအား နှစ်ဦးသဘောတူခွဲဝေခြင်း ဝန်ခံကတိစာချုပ် ချုပ်ဆို၍ ပစ္စည်းခန်းခွဲဝေခဲ့ပြီး ဖြစ်ပါသောကြောင့် ယနေ့မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး ကိုယ်ရေးကိုယ်တာကိစ္စရပ်၊ ငွေကြေးကိစ္စရပ်၊ လူမှုရေးကိစ္စရပ်၊ လုပ်ငန်းကိစ္စရပ်များ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနန်းခင်ခင်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့်(LL.B, D.B.L)** | **ဒေါ်စုစုအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၃၅၁/၁၃-၉-၂၀၁၂)** | **(စဉ်-၁၃၄၉၈/၁၂-၁၀-၂၀၁၇)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့(၁) ရပ်ကွက်၊ နှင်းဆီ(၄)လမ်း၊ (ပလပ်မြေ)၊ ဧရိယာအကျယ်အဝန်း အလျား ၅၅ပေ x အနံ ၅၅ပေရှိ မြေအနက်မှ ခွဲဝေရောင်းချသည့် မြေကွက်၏ (ခေါင်းရင်းဘက်ခြမ်း) ဧရိယာ အကျယ်အဝန်း အလျား ၂၅ပေ x အနံ ၅၅ပေ ခြံမြေကွက်နှင့် ယင်းမြေပေါ်ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်အောင်သိန်း (ဘ) ဦးမြမောင် ၁၄/ဖပန(နိုင်)၀၀၁၅၅၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)**
**အမှတ်(၁၁၆)၊ ကျန်စစ်သားလမ်းသွယ်၊ ၂၀ရပ်ကွက်၊**
**ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ၇ ရပ်ကွက်၊ ဗိုလ်မြင့်အောင်လမ်းမကြီးနှင့် အောင်ရတနာလမ်းမထောင့် မြေကွက်အမှတ်(၉၆၃)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား၄၀ပေxအနံ ၆၀ပေ)ရှိ ဒေါ်နန်းဝိုးလာ အမည်ပေါက်နှစ်(၆၀)ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိလက်ဝယ် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဒေါ်မိုမိုနိုင် ၁၂/ကမရ(နိုင်)၀၅၆၈၃၇ မှ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသော်တာဝန်း ၁၂/ဒဂတ(နိုင်)၀၉၁၁၁၁က အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား တရားဝင်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ခင်(စဉ်-၁၂၅၅၇)**
**(LL.B, LL.M, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၂၁၀၉၈၇၈၅၊ ၀၉-၆၆၃၉၁၀၉၂၅**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေစီ ၇/ညလပ(နိုင်)၀၁၅၃၉၃ သည်ဒေါ်ယဉ်ယဉ်အေး ၁၁/စတန(နိုင်)၀၀၂၆၇၅ နှင့်ဒေါ်ယဉ်ယဉ်သိန်း ၁၁/စတန(နိုင်)၀၁၈၃၆၀ တို့ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်မင်းရောင်အိမ်ရာ၊ တိုက်(ဘီ-၁)၊ အခန်း(၂၀၃)ဟု ခေါ်တွင်သောတိုက်ခန်းနှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မော်မော်ခင်** | **ဒေါ်သီရိပြည့်စုံ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၂၇၃)** |

**တိုက်(၁၂၇)၊ အခန်း(၆)၊ ရန်နိုင်လမ်းသွယ်(၅)၊ ၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်**
**ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/1098 MG Super L/T, Pick up (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမောင် ၁၂/သဃက(နိုင်)၁၃၇၂၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

# Invitation to Bid (ITB–MM–STW–2022–01)

DANISH REFUGEE COUNCIL

The Danish Refugee Council (DRC) has received funding from Donor (UNHCR, DFAT, MHF) for the implementation of humanitarian aid in Rakhine State.

DRC is seeking qualified vendors to submit bids for;

ITB–MM–STW–2022–01; Construction of Temporary 10 Unit Short Leg shelter 8 Numbers at Say Tha Ma Gyi and 8 Unit Short Legged Shelter 3 number at Ohn Taw Chay IDP Camp, Sittwe township, Rakhine State

| | |
|---|---|
| ITB Issuing Date: | 19th May 2022, 10:00hrs, |
| Closing date for clarifications: | 3rd June, 16:00hrs, |
| ITB Closing Date: | 6th June, 16:00hrs, |
| Tender Opening Date and time: | 9th June, 14:00hrs, |

For more information on how to obtain the full tender package, please contact the below:

Sam Myo Hlaing–Ph–(+95)9421744992, email–sam.hlaing@drc.ngo or Maung Oo Kyaw–Ph–(+95)9421761310, (+95)9421751233, email–maung.kyaw@drc.ngo

The Bidder can obtain the Tender package by both e-mail from the above-named persons or in person from DRC Sittwe Office.

Tender submission should be by two envelope (one for technical and one for financial) and need to be enclosed in a bigger envelope. All Bidders are needed to provide the updated company profile in above said technical envelope.

Tender submission by email is only acceptable to the address of; tender.mmr@drc.ngo. Submissions to any other email address would render the bid disqualified.

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပခုက္ကူမြို့၊ အမှတ်(၆)ရပ်ကွက်၊ ၁၁ လမ်းနေ မခင်မီမီကျော် ၈/ပခက(နိုင်)၂၉၀၁၂၀ ၏ ဖခင် ဦးကျော်စွာဝင်း (ခ)ဦးကျော်မင်း ၈/ပခက(နိုင်)၁၇၂၈၀၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပခုက္ကူမြို့၊ အမှတ်(၆)ရပ်ကွက်၊ ၁၄ လမ်းနေ မငြိမ်းငြိမ်းအောင် ၈/ပခက(နိုင်)၂၉၃၃၁၉ ၏ဖခင် ဦးညိုရောင်(ခ) ဦးညိုအောင် ၉/မခန(နိုင်) ၂၂၇၇၉၉မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ မမူမူဝင်း ၁/မကန(နိုင်)၂၀၄၈၉၈ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၅၄၀၈၇၈၁**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဒွဲဆိုင်းနန် ၁/မကန(နိုင်)၁၃၆၀၉၂ ၏ ပိတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၀၃၆၉၀၆**

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အမှတ်(၃၂၇/B)နေ မရွယ်တောင် ၁/ကမန(နိုင်)၀၃၄၉၆၃ ၏ ဖခင် ဦးဇော်နင် (ခ) ဦးအင်ယောဇော်နိုင် ၁/ကမန(နိုင်)၀၁၁၈၄၁ သည် တစ်ဦးတည်းဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်နှင့် မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ နောင်ရာ(NR-၂၂၈)နေ ဦးအောင်ဒန့် ၁/မကန(နိုင်)၁၈၃၄၀၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၁၁-၁၉၉၂ ဖြစ်ပြီး ၎င်း၏ မိဘအမည်မှန်မှာ ဦးဂလီဂျာယော် (ခ) ဦးဂလိဂျာယော် ၁/မကန(နိုင်)၀၅၂၇၃၀ သည်တစ်ဦးတည်းဖြစ်ပြီး ဒေါ်စီစီမာရွှန် (ခ)ဒေါ်မာယွန် ၁/မကန(နိုင်)၀၅၂၉၀၅ သည် တစ်ဦးတည်းဖြစ်ပါသည်။

## တရားဝင် ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ကိုအောင်ကျော်ဇင် ၉/မထလ(နိုင်)၂၅၃၃၃၃နှင့် မသီတာဆွေ ၁၄/ပသန(နိုင်)၂၁၀၆၉၇ တို့သည် ၁-၃-၂၀၂၂ ရက်တွင် ရန်ကုန် အနောက်ပိုင်းခရိုင် တရားရုံးတွင် နှစ်ဦးသဘောတူ လွတ်လပ်သော သဘောဆန္ဒအရ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုအောင်ကျော်ဇင်**
**၉/မထလ(နိုင်)၂၅၃၃၃၃**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့၊ အမှတ်(၂)ရပ်ကွက်ရှိ ကွင်းအမှတ်/အမည်(၃/ ရိပ်သာ)၊ ဦးပိုင်အမှတ်(၇)၊ မြေဧရိယာ ၀ ဒသမ ၁၅၅ဧကရှိ မြေကွက်ကိုဒေါ်ဒေါင်နော ၁/ဝမန(နိုင်)၀၉၀၂၁၂ မှ ၃၀-၆-၂၀၁၁ရက်တွင် သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် သင်းအုပ်ဆရာ ဦးလွမ်းဒိုင် ၁/ဝမန(နိုင်)၀၈၄၈၄၅ ထံသို့အိမ်ခြံမြေကွက်အား မေတ္တာဖြင့် လှူဒါန်းခြင်းသဘောတူစာချုပ်ချုပ်ဆို၍ လှူဒါန်းထားသော မြေကွက်ဖြစ်ပြီး ၁၁-၈-၂၀၂၀ရက်တွင် ဘုရားသခင်အသင်းတော်၏ မျက်နှာစုံညီ အစည်းအဝေးတွင် အသင်းတော်၏ အတွင်းရေးမှူး တာဝန်ထမ်းဆောင်နေသည့် ဒေါ်လီတီးယ၁/ဝမန(နိုင်) ၀၀၁၉၄၈ အား မြေငှားဂရန်လျှောက်ထားရန် တာဝန်ပေးအပ်ဆုံးဖြတ်ခဲ့ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း ဒေါ်လီတီးယက ၁၃-၈-၂၀၂၀ရက်တွင် ကတိသစ္စာပြုလွှာအမှတ်စဉ် ၃၄၅/၂၀၂၀ ဖြင့် တင်ပြကာ ဝိုင်းမော်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၁၄-၈-၂၀၂၀ ရက်စွဲပါမှတ်ပုံတင်အမှတ်(၃၀/၂၀၂၀)ဖြင့် ကျမ်းကျိန်ဆိုတင်ပြထားရှိသောမြေကွက်အား ဘုရားသခင်အသင်းတော်အမည်ဖြင့် (အခွန်လွတ်) သာသနာမြေငှားဂရန်ထုတ်ပေးနိုင်ရေးလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ (အခွန်လွတ်)သာသနာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝိုင်းမော်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ ကွင်းအမှတ်(၇၀၊ ပမ္မတီးရွာW)၊ ဦးပိုင်အမှတ်(၅၈၁/၁၀)၊ မြေဧရိယာ ၀ ဒသမ ၁၁၈ဧကရှိမြေကွက်သည် ဦးမောင်မောင်လွင်မှ ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ပြီး ဦးမောင်မောင်လွင်ထံမှ ဒေါ်နန်းမေဂျူလိုင်မိုးက ၇-၃-၂၀၁၃ ရက်တွင် နှစ်ဦးသဘောတူခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်နန်းမေဂျူလိုင်မိုးအမည်ဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်မှစတင်၍ မြေခွန်ခပြေစာများကို ယနေ့အချိန်ထိ ထမ်းဆောင်လျက်ရှိပြီး ဒေါ်နန်းမေဂျူလိုင်မိုး အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၃-၂-၂၀၂၂ရက်စွဲပါကျမ်းကျိန်လွှာ အမှတ်(၄၅/၂၀၂၂) ကို ၈-၂-၂၀၂၂ရက်စွဲပါကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၄၁/၂၀၂၂) ပြုဆို တင်ပြလျက် မြေငှားဂရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

**တစ်ဦးတည်းဖြစ်ကြောင်း**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ မကျီးသုံးပင်ရွာကျေးရွာနေ ဦးအောင်ရွှေ၏သမီး မစမ်းစမ်းအေး(ခ)မစန်းစန်းအေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်(ယခု-၁၆ ရပ်ကွက်ဟုသိရှိရ မြေချပါမစ်တွင် ၁၃ရပ်ကွက်ဟု ဖော်ပြထားပါသည်) အင်းဝလမ်း၊ အိမ်အမှတ်(၁၄၁၅/ခ)၊ မြေချပါမစ်တွင် ဒေါ်ညွန့်အမည်ပေါက်ဖြစ်ပြီး အကျယ်အဝန်း အလျား ပေ၂၀ x အနံ ပေ၆၀ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ယခုရောင်းချသူမှ စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ထိုက်အောင် ၁၂/မရက(နိုင်)၁၃၅၉၅၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရင်ထွန်း ၁၀/မဒန(နိုင်) ၀၈၂၇၁၀က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခု ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးရင်ထွန်း** | **ဒေါ်စုစုအောင်(LL.B)** |
| **၁၀/မဒန(နိုင်)၀၈၂၇၁၀** | **(စဉ်-၁၃၄၉၈/၂၀၁၇)** |
| | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လေးမူ
### အသက်(၅၅)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံအမတ်ကြီး၊ ဦးမောင်မောင်လင်း၏ဇနီးဖြစ်သူ ဒေါ်ခင်လေးမူသည် ၁၈-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ၁၄:၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လေးမူ
### အသက်(၅၅)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံအမတ်ကြီး၊ ဦးမောင်မောင်လင်း၏ဇနီးဖြစ်သူ ဒေါ်ခင်လေးမူသည် ၁၈-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ၁၄:၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊**
**ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## စောခရစ္စတိုဖာ (B.Sc Maths)
### အသက် (၆၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ၁၂၂၉/ဂ၊ ဦးဖိုးထွန်းလမ်း၊ တောင်သူကုန်းနေ (ဦးစံဖေ-နော်ဘေး)တို့၏သား၊ (စောဘိုးမြ- နော်နယ်လီဘွင့်)တို့၏သမက်၊ နော်မိုရင်းမြ၏ခင်ပွန်း၊ စောစဲမြူရယ်မြဖေ၏ဖခင်သည် ၁၅-၅-၂၀၂၂ရက် နံနက် ၁၁:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၅-၂၀၂၂ရက် နံနက် ၉ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၂၁၄၈၀, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖူးပွင့်လှိုင် ၉/အမဇ(နိုင်)၀၉၄၂၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/4468, Suzuki CIAZ, Saloon ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွဋ် ၁၂/တမန(နိုင်)၀၈၆၄၈၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၆၆၈)၊ မြေကွက်တည်နေရာအမှတ်(၆၆၈)၊ နဝရတ်လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်ခင်ညွန့် KTN-၀၀၀၁၀၃)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားမရုံး၊ တရားမကြီးမှုအမှတ် ၂၁/၂၀၂၁တွင် တရားလို ဒေါ်ဝါဝါလှိုင်မှ တရားပြိုင် ဒေါ်ခင်ညွန့်အပေါ် မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ခြင်းအပေါ် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၂-၁၁-၂၀၂၁)ရက် ချမှတ်သည့်စီရင်ချက်ဒီကရီနှင့် ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ် (၃၁/၂၀၂၁)အမိန့်တို့အရ တရားရုံး ဒေါ်ခင်ညွန့်ကိုယ်စား တရားရုံးဘိလစ်စာရေးကြီး ဒေါ်လှဲ့လှဲ့ခိုင်မှ ဂရန်မူရင်း၊ တရားရုံးအမိန့်များနှင့် ဘိလစ်ခန့်စာ တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက် လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City loft, အိမ်ရာ တိုက်မှတ် (ဘီ-၃)၊ အခန်းအမှတ် (၄၁၂)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၈၄) စတုရန်းပေရှိ အိမ်ရာတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းကို စာချုပ်အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဦးမြတ်ကိုကို ၁၂/ဥကတ (နိုင်)၀၃၇၉၇၆နှင့် ဒေါ်ခင်နွေးနွေး ၁၂/ဥကတ(နိုင်)၀၈၁၅၃၃တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးရဲဇော်အောင် ၁၂/မဂတ (နိုင်) ၀၇၇၅၇၁နှင့် ဒေါ်ယဉ်ငြိမ်းအေး ၁၂/သလန(နိုင်)၀၈၃၆၃၈တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် လာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် (LL.B) (စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင် (LL.B) (စဉ်-၄၈၄၃၁)
အထက်တန်းရှေ့နေများ
အမှတ် (၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉

## ဒေါ်ခင်လေးမူ
### အသက် (၅၅)နှစ်

ဒုတိယဗိုလ်မှူးကြီး လေးကို တပ်မတော်(ရေ)(ငြိမ်း) (ကွယ်လွန်)-ဒေါ်ခင်ဆွေတင့် (ကွယ်လွန်)တို့၏သမီး၊ ဒုတိယအမှုဆောင်ဒါရိုက်တာ ဦးစိန်လင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ကွယ်လွန်)-ဒေါ်ခင်မြတင်(ကွယ်လွန်)တို့၏သမီးချွေးမ၊ ဦးကျော်ဇင်လတ်- ဒေါ်ဖြူဖြူစိုး၊ ဒေါက်တာဥက္ကာကျော်-ဒေါ်ရည်မွန်တင့်ကို၊ ဦးညီလွင်တင့်ကို-ဒေါ်ထက်ထက်အေးတို့၏အစ်မ၊ မရွှေအိမ်လင်း၏ ချစ်လှစွာသောမိခင်၊ ဗိုလ်မှူးချုပ်မောင်မောင်လင်း တပ်မတော်(လေ)(ငြိမ်း)၊ သံအမတ်ကြီး (နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ချစ်လှစွာ သောဇနီး ဒေါ်ခင်လေးမူသည် ၁၈-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၂ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် နေပြည်တော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လေးမူ
### အသက် (၅၅)နှစ်

ဗိုလ်မှူးချုပ် မောင်မောင်လင်း၊ တပ်မတော်(လေ)(ငြိမ်း)၊ သံအမတ်ကြီး (နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်လေးမူ အသက် (၅၅)နှစ်သည် ၁၈-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အမှတ် (၂)တပ်မတော်ဆေးရုံကြီး (ခုတင် -၁၀၀၀)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၂၆) မိသားစုများ**

## ဦးမင်းရွှေ(ခ)တရုတ်ကမ်း
## ဗဟိုအအေးဆိုင်(ထားဝယ်)
### အသက် (၄၉)နှစ်

ထားဝယ်မြို့၊ မြို့တွင်းရပ်၊ နိဗ္ဗာန်လမ်း၊ အမှတ် (၁၂)နေ ဦးသန်းအောင်(ခ)ချွာကာစွီး-ဒေါ်သန်းရီ(ခ)လျှန်ငွေလင်တို့၏ ချစ်လှစွာသောသား၊ ကိုစိုင်း-မစန်းစန်းဦး၊ မဆွေဆွေရင်၊ မခင်နုနုတို့၏မောင်၊ မခင်ခင်ထွေး၏အစ်ကို၊ မောင်မင်းသန့်သူ၊ မောက်ဆက်မင်းသွင်တို့၏ ချစ်လှစွာသောဦးလေးသည် ၁၅-၅-၂၀၂၂ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ အမှတ် ၄၂/၂၊ နွယ်သာဂီလမ်း၊ ဘုရင့်နောင်ပွဲရုံတန်းနေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၂၂ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကိုစိုင်း-မစန်းစန်းဦး နေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်6J/2449 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

### ပျောက်ဆုံးကြောင်း

ဖရူဆိုမြို့၊ လောခုနူသာသနာပြုဌာနနေ ဦးသေဌိလ ၅/စကန(သ)၀၃၇၇၂၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၅၈၉၄၄၃၃

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကူမဲမြို့၊ ဇမ္ဗူအေးရပ်၊ ဧရိယာ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး(အစုံ)နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမွေရရှိ၍ တရားဝင်လက် ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချ ပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်ဝ(ဘ)ဦးဘရင် ၉/မသန(နိုင်) ၀၂၄၈၈၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်ငုဝါကျော်(ဘ)ဦးကျော်ကျော်သက် ၉/မသန(နိုင်) ၀၁၆၈၆၈ က ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ ပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

| | |
|---|---|
| ဒေါ်မိုမိုမင်းလွင်(LL.B) | ဒေါ်ဝေဝေအောင်(LL.B) |
| (စဉ်-၁၁၀၂၉/၂၀၁၆) | (စဉ်-၁၅၀၇၂/၂၀၁၈) |

တရားလွှတ်တော်ရှေ့နေများ
ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၇၉၇၄၅၁၀၁၁

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် (၂၃၇/ခ)၊ အင်း၀ (၃)လမ်း၊ မြေအမျိုးအစား-ဂရန်မြေ (ဂရန်အမည်ပေါက် ဦးသန်းစော) အကျယ်အဝန်းပေ (၂၀x၆၀) ကျယ်ဝန်းသည့် မြေနှင့် ယင်းမြေပေါ်တွင် တည်ဆောက်ထားသောအဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်ဝယ်ယူရန်အတွက် ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ၏ ဖခင်ဖြစ်သော ဦးဝင်းမောင် (မှတ်ပုံတင်အမှတ်-၁၂/ဥကတ(နိုင်)၀၅၇၃၉၄) ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ဤသတင်းစာကြေညာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ရုံးချိန်အတွင်း၌ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား အောင်မြင်ပြီးမြောက်စေရန်နှင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ဆွေစင်အိ (LL.B) (LL.M) | ဦးလင်းဘုန်းမြတ်(LL.B)(D.IP.L) (D.M.L) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၉၇) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၈၁) |
| | ဒေါ်စန္ဒာရွှေ (LL.B) |
| | အထက်တန်းရှေ့နေ (စဉ်-၅၀၂၀၇) |

Grlory and Growth Legal Solution, အမှတ် (၃၉၀၊ ဘီ)၊ ဒုတိယထပ်၊
အလုံလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၈၁၆၃၀၂၅၊ ၀၉-၇၇၀၅၆၆၅၈၆

## ဆရာဦးအောင်မြင့်
### အထက(၂)ဒဂုံ၊ မြို့မကျောင်း
### အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ (၄၂)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အမှတ်(၉၈၁)နေ ဒေါ်ကျင်သောင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇေယျာအောင်-ဒေါ်မေသန္တာကျော်၊ ဦးဇေတိုးအောင်-ဒေါ်သက်သက်မာ၊ ဦးမြတ်ကိုကိုဦး-ဒေါ်သိမ့်သိမ့်အောင်တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ မောင်အောင်မျိုးမြတ်၊ မောင်ကြယ်စင်သာ၊ မောင်ဥက္ကာတိုးအောင်၊ မအေးမြတ်နိုးအောင်တို့၏ အဘိုး ဆရာ ဦးအောင်မြင့်သည် ၁၈-၅-၂၀၂၂ရက် နံနက် ၈:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၂၂ရက် (အင်္ဂါနေ့) တွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းစသော လှူဖွယ်ဝတ္ထုပစ္စည်းအစုစုဖြင့် ဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဆရာ ဦးအောင်မြင့်
### အထက(၂)ဒဂုံ၊ မြို့မကျောင်း
### အသက်(၈၀)နှစ်

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂)မှ သူငယ်ချင်း ဗိုလ်ကြီး ဇေယျာအောင်-ဒေါ်မေသန္တာကျော်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဆရာ ဦးအောင်မြင့် အသက်(၈၀)နှစ်သည် ၁၈-၅-၂၀၂၂ရက် နံနက် ၈:၂၀နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှသူငယ်ချင်းများ**

## (၂၆-၃-၂၀၂၂)ရက် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၃၀) တွင် ဒေါ်ဆွေကြေးမှ အများသိစေရန် ကြေညာခြင်းနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၂)၊ အကွက်ကြီး(၂၉)၊ မြေကွက်အမှတ်(၁၄)တည်ရှိရာမြေနှင့် အကျိုးခံစားခွင့်အားလုံးသည် ဗိုလ်ကြီးဝင်းရွှေအမည်ပေါက် ပိုင်ဆိုင်၍ နှစ်(၃၀)မြေငှားဂရန်ရရှိထားကြောင်း တွေ့ရှိရပါသည်။ ဒေါ်ဆွေကြေး၏ ကြေညာချက်ပါ(၇-၇-၂၀၁၄)ရက်စွဲဖြင့် ဒေါ်သိန်းသိန်းချိုထံသို့ ဗိုလ်ကြီးဝင်းရွှေမှ ရောင်းချခဲ့ခြင်း၊ မြေအရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်း မရှိသကဲ့သို့ ဗိုလ်ကြီးဝင်းရွှေနှင့်ဒေါ်သိန်းသိန်းချိုတို့နှစ်ဦးသည် မြင်ဖူးခြင်း၊ သိကျွမ်းခြင်းလုံးဝမရှိခဲ့ပါ။ အဆိုပါမြေကွက်အား ဒေါ်သိန်းသိန်းချိုမှ ဝယ်ယူခြင်းမရှိသဖြင့် ဒေါ်ဆွေကြေးနှင့်တကွ အခြားမည်သူကိုမျှ ရောင်းချခြင်းမရှိကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်သိန်းသိန်းချို၏ လွှဲအပ်ချက်အရ-
ဒေါ်မေသန့်ဇင် B.A(Law)LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၈၃/၃)၊ ရွှေတောင်ကြား B လမ်းနှင့် (၈)လမ်းဒေါင့်၊ ရှမ်းကွင်း၊
ကံကြီးရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၁၀၀၉၃၉၉

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်3F/4001 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ရွှာသာကြီး)**

### ပျောက်ဆုံးကြောင်း

ကျွန်မ နန်းဒေဝီ ၁၃/တကန(နိုင်)၁၂၅၅၇၆၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၄၀၄၈၃၉၉

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/6227 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၈၄၆၆, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီခိုင် ၅/အရတ(နိုင်)၁၁၆၄၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/4001 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထိုက်ဝင်း ၁၂/ဥကတ(နိုင်)၁၀၆၈၃၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ တစ်လအတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွှာသာကြီး)ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/8601 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင် ၁၂/မဘန(နိုင်)၀၅၇၁၀၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/3166, Honda Odyssey RAG, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းသန်းအောင် ၁၂/ဒလန(နိုင်)၀၄၀၅၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ စစ်ပင်ဘုရားလမ်းသွယ်၊ မြေကွက်အမှတ်(၃၆၆)ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေရှိ မြေချပါမစ်မူရင်းမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေအလျားxအနံ (၄၀ x ၆၀)ပေရှိ (ခြေရင်းခြမ်း)မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်သိန်းသိန်းမြင့် ၁၂/မဂတ(နိုင်) ၁၂၈၆၂၄ထံ မှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဦးဝင်းကိုကိုအောင် ၁၂/ဥကတ(နိုင်) ၁၇၁၂၉၃ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ခိုင် ၈/သရန(နိုင်) ၀၆၂၉၄၈က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း မူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဗိုလ်ဗိုလ်ဇော်(LL.B,D.B.L,D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ် (၁၃၃၅)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးထွန်းအောင်ဦး (၁၂/ဒဂရ (နိုင်) ၀၁၀၄၃၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့ကို အမည်ပေါက်ပိုင်ရှင် ဦးထွန်းအောင်ဦး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ်(၃၈၃)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ) ရှိ ဦးဝင်းစိုး (L/RGN - ၀၃၁၆၁၄) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဖခင်ဦးဝင်းစိုးနှင့် မိခင်ဒေါ်မြင့်မြင့် တို့ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူ ဒေါ်ခင်မိုးသူ (၁၂/ဗဟန (နိုင်) ၀၇၆၉၁၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊
(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**
(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**တို့တပ်မတော်ဟာ အတိတ်ကာလက နိုင်ငံနဲ့လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးတွေကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သလို ယခုပစ္စုပ္ပန်ကာလမှာလည်း နိုင်ငံနဲ့လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိတယ်။ တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှဟာ အမိနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထုကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်မှာ ဆက်လက်ရပ်တည်သွားနိုင်ဖို့ ကိုယ်ကျိုးမငဲ့ မှန်မြတ်တဲ့စိတ်ရင်းစေတနာနဲ့ လုပ်ဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

**ယနေ့ သတင်းအညွှန်း**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ဆေးအလုံး ငါးသန်း doses နှင့် ဆေးထိုးအပ်နှစ်သန်းရောက်ရှိ**
ပြည်တွင်းသတင်း စာ ၁၂



**အင်္ဂါဂြိုဟ်ပေါ်မှာ ရေရှိကြောင်း တရုတ်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြ**
သိပ္ပံနှင့်နည်းပညာ အထူးကဏ္ဍ စာ ၁၄

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုဗီနမ်အားကစားနည်းမှ မခိုင်ဝါဖူးနှင့် မမေဟန်နီအောင်လွင်တို့ ရွှေတံဆိပ်တစ်ခု ဆွတ်ခူးရရှိ

ဗီယက်နမ် မေ ၁၈

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့ ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ Soc Son အားကစားရုံ၌ ဗိုဗီနမ်အားကစားနည်း အမျိုးသမီးနှစ်ယောက်တွဲ (သရုပ်ပြ) ပွဲစဉ်တွင် မခိုင်ဝါဖူးနှင့် မမေဟန်နီအောင်လွင် (ယာပုံ) တို့က မြန်မာနိုင်ငံအတွက် ဆဋ္ဌမမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူး ရရှိခဲ့ပြီး
*စာမျက်နှာ ၈ ကော်လံ ၁* ❍







အမျိုးသား မီတာ ၁၀၀၀ ကယက် လေးယောက်လှော်ပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိသည့် မြန်မာကစားသမားများကို မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း နှင့်အတူ တွေ့ရစဉ်။

## (၃၁) ကြိမ်မြောက် ဆီးဂိမ်း ကနူး/ကယက်ပြိုင်ပွဲတွင် မြန်မာလှေလှော်အဖွဲ့ ငွေတစ်ခု၊ ကြေးတစ်ခု ထပ်မံရရှိ

ရန်ကုန် မေ ၁၈

(၃၁) ကြိမ်မြောက် ဆီးဂိမ်း ကနူး/ကယက်လှေပြိုင်ပွဲ ဒုတိယနေ့ကို မေ ၁၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာလှေလှော်အဖွဲ့က ငွေတစ်ခု၊ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

မြန်မာလှေလှော်အဖွဲ့သည် အမျိုးသား မီတာ ၁၀၀၀ ကယက် လေးယောက်လှော်ပြိုင်ပွဲတွင် ငွေတံဆိပ်နှင့် အမျိုးသား မီတာ ၁၀၀၀ ကနူး လေးယောက်လှော်ပြိုင်ပွဲတွင် ကြေးတံဆိပ်တို့ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသား မီတာ ၁၀၀၀ ကယက် လေးယောက်လှော်ပြိုင်ပွဲတွင် အင်ဒိုနီးရှားက ရွှေတံဆိပ်၊ ဗီယက်နမ်က ကြေးတံဆိပ်၊ အမျိုးသား မီတာ ၁၀၀၀ ကနူး လေးယောက်လှော်ပြိုင်ပွဲတွင် ဗီယက်နမ်က ရွှေတံဆိပ်၊ အင်ဒိုနီးရှားက ကြေးတံဆိပ်ရရှိသည်။ ငွေတံဆိပ်ရရှိသည့်မြန်မာလှေအဖွဲ့တွင်
*စာမျက်နှာ ၉ ကော်လံ ၁* ❖